# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၃၁)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ၂၇-၇-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။

## အဝါရောင်အဆင့်မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက် ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော

စာမျက်နှာ ၄ သို့ ❐




## မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအား ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းအတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားမည်

မြစ်ကြီးနား ဇူလိုင် ၂၆

ကချင်ပြည်နယ် ကံပိုင်တည် နယ်စပ်ဂိတ်သည် ဒေသတွင်း ထွက်ရှိသော တစ်သျှူးငှက်ပျော အပါအဝင် အခြားသီးနှံများအား တရုတ်နိုင်ငံသို့ တင်ပို့ရာ အဓိက ကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်။ နယ်စပ်ကုန်စည်စီးဆင်း မှုများ အရှိန်အဟုန်မပျက် စီးဆင်း နိုင်ရေး၊ နိုင်ငံတော်မှရသင့်သည့် အခွန်အခများရရှိရေး၊ တရားမဝင် ကုန်စည်စီးဆင်းမှုများ ပပျောက် စေရေးအတွက် စနစ်တကျဖြင့် လုပ်ငန်းများ လည်ပတ်နိုင်ရန်

စာမျက်နှာ ၃ သို့ ❖



## မြန်မာ့ဒီဂျစ်တယ်အနာဂတ်အတွက် အင်ဂျင်နီယာ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့် စီးပွားရေးအသိုက်အဝန်းတို့ ပါဝင်ဆွေးနွေးသည့် iCEEt 2026 ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် အနာဂတ်၊ AI နည်းပညာအသုံးချမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အင်ဂျင်နီယာ၊ ICT နှင့် စီးပွားရေးကဏ္ဍအသီးသီးမှ ပြည်တွင်း/ပြည်ပ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးသည့် "iCEEt 2026" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ၏ AI အသင့်ဖြစ်မှု အင်ဂျင်နီယာဆိုင်ရာ

စာမျက်နှာ ၃ သို့ ❍




## စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေး အသိပညာပေးအဖြစ် ဘားအံမြို့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်

ဘားအံ ဇူလိုင် ၂၆

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းသုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေး လူထုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ကရင်ပြည်နယ် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဘားအံမြို့ ကြာအင်းတောင် ခရီးစဉ်ဒေသ၌ ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ကြာအင်းတောင်ချစ်သူများသည် ယနေ့တွင် စုပေါင်းအမှိုက်ကောက်ကြသည်။

စာမျက်နှာ ၃ သို့ ⁂

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေနှင့်

စာမျက်နှာ ၁၀ သို့ ✻



## တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စု၌ MPT မိုဘိုင်းစခန်းသစ် ဖွင့်လှစ်



ကျိုင်းလပ် ဇူလိုင် ၂၆

တာချီလိတ်မြို့နယ် မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်း (မိုင်းလန်း)ကျေးရွာတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ မိုဘိုင်းစခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွန်ခမ်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး

စာမျက်နှာ ၃ သို့ ✣

**ယနေ့ ဖတ်စရာ အညွှန်း**

မြို့လှမြို့မှ အသက်(၁၁၈)နှစ်ရှိသူဟု ဆိုသည့် အဘွားဒေါ်ခင်မြင့်(ခ)ဒေါ်ဟတာဟာ၏ ရာစုကျော် ဘဝဖြတ်သန်းမှု

စာမျက်နှာ ၆

ဝင်သက်ထွက်သက်ပိုမိုရှည်လျားစွာ ရှူထုတ်ခြင်းဖြင့် နှလုံးခုန်နှုန်းပြောင်းလဲကာ သုံးပြတ်ချက်ရဲ့စွာ ချမှတ်စေနိုင်

စာမျက်နှာ ၇

## ဂျပန်ရောက် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ်စာတမ်းအတု သတိပြုရန် မြန်မာသံရုံး(တိုကျို) အသိပေး

ရန်ကုန် ဇူလိုင် ၂၆

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးစာရွက်စာတမ်း ထပ်ဆင့်ထောက်ခံချက်လျှောက်ထားမှုများတွင် ဂျပန်နိုင်ငံရှိ ပွဲစားများမှတစ်ဆင့် သက်ဆိုင်ရာအရာထမ်းများ၏လက်မှတ်နှင့် တံဆိပ်များကို အတုအပပြုလုပ်ထားသည့် စာရွက်စာတမ်းများတွေ့ရှိရသဖြင့် သတိပြုကြရန် မြန်မာသံရုံး(တိုကျို)က ဇူလိုင် ၂၄ ရက်က အသိပေးချက်ထုတ်ပြန်ထားသည်။

စာမျက်နှာ ၁၀ သို့ ✣

၂၀၂၆ ခုနှစ် ၊ ဇူလိုင် ၂၇ ရက် ၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာများကိုဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာယဉ်ကျေးမှု (Food Culture)သည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာအစားအသောက်များကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှား ကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကိုအခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဒေသအလိုက်၊ တိုင်းရင်းသား လူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိသကဲ့သို့ ထူးခြားပြီး အရသာရှိလှသည့် ရိုးရာအစားအစာများကို ပိုင်ဆိုင်ထားသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင် ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (Tastes of the Golden Land-2026) ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည်။

ဒေသအလိုက် ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ယနေ့ကာလတွင် အစားအသောက်ကို အကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်းတစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် ခရီးသွားလုပ်ငန်းအမျိုးအစား တစ်ခုဖြစ်လာသည်ကို တွေ့ရကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီး သိစေနိုင်မည့် အစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ထင်ရှားကျော်ကြားသည့် မြန်မာ့လက်ဖက်၊ ထမနဲစသည့် ရိုးရာအစားအစာများကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင်လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက်အကျိုးကျေးဇူးရရှိစေနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဖွင့်ပွဲ ကျင်းပ

**မြစ်သား ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဥပဒေရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်း (ToT) ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အမှာ စကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးမိုးဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များပြောကြားရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ဥပဒေ၏ အခြေခံသဘောတရားများအား သိရှိနားလည်နိုင်စေရေးကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ နံနက်၉ နာရီမှ ညနေ ၄ နာရီအချိန်အထိ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း (ToT) ဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိနှင့်ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်**
**(မြစ်သား)**

၀-၀-၀-၀-၀

## မိုးရာသီဖြစ်သော်လည်း ပြင်ဦးလွင်မြို့တွင် ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိ

**ပြင်ဦးလွင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၏ အထင်ကရခရီးသွားမြို့ဖြစ်သည့် ပြင်ဦးလွင်မြို့တွင် မိုးရာသီကာလဖြစ်သော်လည်း ပြည်တွင်းခရီးသွားဧည့်သည်များ အများအပြားလာရောက် လည်ပတ်လျက်ရှိသဖြင့် မြို့အနှံ့ စည်ကားလျက်ရှိသည်။

ယခင်နှစ်များတွင် မိုးရာသီအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု နည်းပါးလေ့ရှိသော်လည်း ယခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ခရီးသွားများ လာရောက်လည်ပတ်မှုများပြားနေသဖြင့် ဟိုတယ်များ၊ တည်းခိုခန်းများနှင့် လုံးချင်းအိမ်ငှားရမ်းမှုများတွင် အခန်းပြည့်လုနီးပါးဖြစ်နေပြီး ကြိုတင်ဘိုကင်ယူထားရကြောင်း ခရီးသွားများထံမှ သိရသည်။

"အရင်က မိုးရာသီဆိုဝန်ထမ်းတောင် လျှော့ချရတဲ့အထိဖြစ်ခဲ့တယ်။ အခုတော့ ဝန်ထမ်းတောင် ထပ်ခေါ်ရတဲ့အခြေအနေပါ။ စားသောက်ဆိုင်တွေလည်း လူစည်ကားနေပါတယ်"ဟု ပြင်ဦးလွင်မြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ မဟာအံ့ထူးကံသာဘုရား၊ ပွဲကောက်ရေတံခွန်၊ နှင်းဆီခြံနှင့် ဒီဇင်ဘာခြံတို့ကဲ့သို့ ထင်ရှားသည့် ခရီးသွားနေရာများတွင်လည်း ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် အနီးစခန်းလေဆိပ်ကို အဆင့်မြှင့်တင်ပြီး လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲလာခြင်းကြောင့် ပြင်ဦးလွင်သို့ လာရောက်သည့် ခရီးသွားဦးရေ ပိုမိုများပြားလာကြောင်း အငှားယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ဒေသထွက်ကုန်များနှင့် အမှတ်တရပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင်လည်း ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ပြင်ဦးလွင်မြို့၏ ခရီးသွားလုပ်ငန်းမှာ မိုးရာသီကာလအတွင်းပင် အားကောင်းလျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

**တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးပိုလာနိုင်**

နေပြည်တော် ဇူလိုင် ၂၆ - ဇူလိုင် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဓလ

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်သူ့စကားဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေပြည့်သျှံခန်းမ၌ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၁ နာရီအထိ ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။



အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၁၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်အရေးပါမှုကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသည့် ပြည်သူများ၏ မေးမြန်းချက်များကို အသီးသီးပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**“စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်း ဖွင့်လှစ်



ရန်ကုန် ဇူလိုင် ၂၆

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိအနုပညာအထက်တန်းကျောင်း(ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်သေးပညာရှင်ကြီးများ၊ သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ဖွင့်လှစ်ပေးပြီး (ယာပုံ) အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများကို ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်သင်ကြားမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

○ *ရှေ့ဖုံးမှ*

ဂေဟစနစ် တည်ဆောက်ခြင်း၊ ဆန်းသစ်တီထွင်မှု၊ တိုးတက်မှုနှင့် လွှမ်းခြုံမှုပါသော ဒီဂျစ်တယ်စီးပွားရေးကို မောင်းနှင်ခြင်း၊ မြန်မာဒီဂျစ်တယ်အပြောင်းအလဲ စုပေါင်းမျှော်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှုခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွန့်ဦးတီထွင်ကွန်ရက်မှ တာဝန်ရှိသူတို့က AI စက်မှုလုပ်ငန်းအသင့်ဖြစ်မှု၊ ဒီဂျစ်တယ်လုပ်သားအင်အား မျိုးဆက်တည်ဆောက်ရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ စုစည်းထားသော ICT ကဏ္ဍ၏အမြင်၊ အင်ဂျင်နီယာလုပ်သားအင်အား တည်ဆောက်ရေးနှင့် AI ခေတ်တွင် သိပ္ပံနှင့်နည်းပညာစွမ်းဆောင်ရည် မြှင့်တင်ရေး၊ AI အထောက်အကူပြုမှုဝါဒနှင့် ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးတွင် အစိုးရ၏ အခန်းကဏ္ဍ၊ မြန်မာပုဂ္ဂလိကကဏ္ဍတွင် AI အသုံးပြုမှု၊ ဒီဂျစ်တယ်အပြောင်းအလဲဆိုင်ရာ စိန်ခေါ်မှုများနှင့် ဒီဂျစ်တယ်စီးပွားရေးတွင် စီးပွားရေးအသိုက်ဝန်း၏ အခန်းကဏ္ဍ၊ လူငယ်များ ဦးဆောင်သော ဒီဂျစ်တယ်ဆန်းသစ်မှု၊ Startup ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ့ AI အပြောင်းအလဲတွင် နောက်မျိုးဆက်များ၏အခန်းကဏ္ဍ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ ဒီဂျစ်တယ်နည်းပညာကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက အစိုးရ၊ တက္ကသိုလ်၊ စက်မှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေကြမည်ဖြစ်ပြီး AI ခေတ်နှင့်ကိုက်ညီသော အင်ဂျင်နီယာများကို ခေတ်မီပညာရေး၊ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးနှင့် တစ်သက်တာသင်ယူမှုမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ လူငယ်အင်ဂျင်နီယာများနှင့် စွန့်ဦးတီထွင်သူများကို အားပေးကာ Innovation နှင့် Entrepreneurship ကို မြှင့်တင်၍ Artificial Intelligence ကို ကျင့်ဝတ်၊ လုံခြုံမှုနှင့် လူမှုအကျိုးပြုရည်ရွယ်ချက်ကို အသုံးချပြီး WFEO၊ FEIAP နှင့် နိုင်ငံတကာ မိတ်ဖက်များနှင့်အတူ မြန်မာနိုင်ငံ၏ Digital Economy Roadmap 2030 ကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ပြင် FEIAP ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်၊ အင်ဂျင်နီယာပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများက အာရှ-ပစိဖိတ် အင်ဂျင်နီယာကဏ္ဍအခြေအနေ၊ ဒေသတွင်း AI စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် FEIAP၏ မျှော်မှန်းချက်၊ ရပ်ဝန်းနှင့် လမ်းကြောင်းတစ်လျှောက် AI ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်း ဒီဂျစ်တယ်ချိတ်ဆက်မှုနှင့် မြန်မာနိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပေးပို့သည့် ဗီဒီယိုမိန့်ခွန်းကလစ်ကို ဖွင့်လှစ်ပြသခြင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လှဲလှဲသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများအဖွဲ့ချုပ်မှ ပေးပို့လာသည့် ကမ္ဘာ့အင်ဂျင်နီယာဆိုင်ရာ ဦးဆောင်မှု၊ နိုင်ငံတကာ AI အုပ်ချုပ်မှုနှင့် ဒီဂျစ်တယ်အနာဂတ်ကို ပုံဖော်ရာတွင် အင်ဂျင်နီယာအသိုက်အဝန်း၏ အခန်းကဏ္ဍကို ဖွင့်လှစ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

ကြာအင်းတောင်ခရီးစဉ်ဒေသသည် ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၁၉ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် အခါအားလျော်စွာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကြာအင်းတောင် ခရီးစဉ်ဒေသ၌ ယနေ့ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



---

❖ *ရှေ့ဖုံးမှ*

ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်း၌ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားအခြေပြု ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအား မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ဆွတ်ဘွမ်ကုမ္ပဏီပိုင်ခြံဝင်းအတွင်း စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေကြသည့် အသင်း/အဖွဲ့များမှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းကို မိုင်းနားအခြေပြု နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ရွှေမိုးတောင်ခြေတွင် ယာယီစစ်ဆေးရေးရုံး ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ မိုင်းနားကျေးရွာ-ဝေပါကျေးရွာ-ဝါရှောင်ကျေးရွာ ၁၃ ကီလိုသွားလမ်းမကြီးဘေးတွင်တည်ရှိပြီး ကုန်စည်စစ်ဆေးကြပ်မတ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်သော မြေဧရိယာ ငါးဧကကျော် အကျယ်အဝန်းရှိသည့် ဆွတ်ဘွမ်ကုမ္ပဏီပိုင် ကုန်ချိန်းကွင်းနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းသည် လတ်တလော မြေပြိုလမ်းပိတ်ဆို့မှုများကြောင့် ခေတ္တရပ်တန့်နေကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းနားကျေးရွာအုပ်စု လဝမ်(LBC) နှစ်ခြင်းအသင်းတော်ပိုင် ဩဘက်ဟိဒ်ခန်းမ၌ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဗန်းမော်၊ ချီဖွေမြို့နယ်များမှ အဆိုပါကျေးရွာအုပ်စုအတွင်းရှိ မိုင်းနား၊ ဝွေထု၊ မခေါယန်စသည့် ကျေးရွာများတွင် စခန်းများဖွင့်လှစ်၍ နေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်ပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး ယာယီတိမ်းရှောင်စခန်းခုနစ်ခုမှ အိမ်ထောင်စု ၃၂၃ စု၊ လူဦးရေ ၁၆၂၅ ဦးအတွက် တစ်အိမ်ထောင်လျှင် ဆန် ၂၄ ပြည်ပါအိတ် တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၃၂၃ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

❖ *ရှေ့ဖုံးမှ*

ဦးဇော်လွင်ထွန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်မျိုးဌွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူးက မိုဘိုင်းစခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ဒေသခံပြည်သူများရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုဘိုင်းစခန်းသစ်သည် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်း ၂၇ ခုအနက် တစ်ခုဖြစ်ပြီး ဆက်သွယ်ရေးလိုင်းအားနည်းနေသည့် နယ်စပ်နှင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ ပိုမိုတည်ငြိမ်ကောင်းမွန်စေရန်၊ ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြှင့်ရန်၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးကဏ္ဍများတွင် လျင်မြန်ထိရောက်သော ဝန်ဆောင်မှုများရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းခေါင်းအား ဆုပေးအပ်ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)နှင့် PUGB Mobile တို့ပူးပေါင်းကျင်းပသည့် တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026၊ Esports ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တက္ကသိုလ် RC ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်ကိုယ်စားပြု အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းခေါင်းအားဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က ပြိုင်ပွဲအမျိုးအစားနှစ်မျိုးဖြစ်သည့် PUBG Mobile နှင့် Mobile Legend ပြိုင်ပွဲတို့ကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ တက္ကသိုလ် ကျောင်းသား ကျောင်းသူနှင့် လူငယ်ပရိသတ် ၁၀၀၀ ကျော် ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်း Mobile Legend ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် ကျန်ရှိသည့်အသင်းများ ဆက်လက်ယှဉ်ပြိုင်ရာ ချန်ပီယံအဖြစ် KMD College အသင်း၊




First Winner အဖြစ်YTV(ရန်ကုန်) အသင်းနှင့် Second Winner အဖြစ် DGU(Dagon University) အသင်းတို့က ဆွတ်ခူးရရှိကြသည်။

ညနေ ၆ နာရီခွဲတွင် PUBG Mobile ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ UIT (ရန်ကုန်)အသင်း၊ MMMC (ရန်ကုန်) အသင်း၊ KMD College၊ MIC(ရန်ကုန်) အသင်း၊ MIC(ရန်ကုန်)နှင့် TUMA (မိတ္ထီလာကောလိပ်)တို့ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းသုံးသင်းမှ Champion၊ First Winner နှင့် Second Winner ဆုတို့ကို ဆွတ်ခူးရရှိကြသည်။

"တက္ကသိုလ် ကိုယ်စားပြုအနေနဲ့ အောင်မြင်မှုရရှိခဲ့ကြတဲ့ အသင်း ခေါင်းသင်းအတွက် ဂုဏ်ယူပါတယ်။ အောင်မြင်ခဲ့တဲ့အသင်းတွေဟာ လက်ရှိပရော်ဖက်ရှင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ပြီး အောင်မြင်တဲ့အသင်းက နိုင်ငံကိုယ်စားပြုအသင်းအနေနဲ့ ပြည်ပမှာ သွားရောက်ယှဉ်ပြိုင်ခွင့်ရမှာပါ။ အဖွဲ့ချုပ်အောင်မြင်မှုရရှိအောင် တစိုက်မတ်မတ်ကြိုးစားခဲ့တာ အခုဆိုရင် ပရော်ဖက်ရှင်နယ်ပွဲတင် မဟုတ်ဘဲ ကျောင်းသားပွဲများကို ကျင်းပနိုင်ခဲ့ပါပြီ။ ပြင်ပ ပရော်ဖက်ရှင်နယ်တွေလို တော်ကြတဲ့ တက္ကသိုလ်ကျောင်းသား မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီး သူတို့အတွက်လည်း အခွင့်အလမ်းများစွာ စောင့်ကြိုနေပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026 ၊ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် တက္ကသိုလ်ကိုယ်စားပြု အသင်းခေါင်းသင်းအား မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ဆုများကို ယခုရက်ပိုင်းအတွင်း ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး Season-2 တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲကြီးကိုလည်း ဒီဇင်ဘာလ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရာသီစာပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ပွင့်ဖြူ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သည့် ရာသီစာပိန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ရာသီစာပိန်းဥ စိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် မိုးသီးနှံအဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ပိန်းဥသီးနှံသည် စိုက်ပျိုးပြီး (၆)လကြာပါက ရောင်းတန်းဝင် ပိန်းဥများကို တူးဖော်ရောင်းချရကြောင်းနှင့် ယခုနှစ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ပိန်းဥစိုက်ခင်းများမှာ ပိုးမွှားရောဂါကျရောက်မှုမရှိသဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ရာသီစာပိန်းဥစိုက်ပျိုးရေးလုပ်ငန်းကို သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရပြီး ယခုနှစ်တွင် ပိန်းဥစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိနေပြီး နုတ်သိမ်းချိန်တွင် ဈေးကောင်းရရှိရန် တောင်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

❒ ရှေ့ဖုံးမှ

လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၀၀ မိုင်ခန့်နှင့် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားသည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပါရာဒစ်ရှ်မြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသား ကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောဦးစီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ သိရသည်။

သဘာဝအလှအပကို ခံစားရင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်ဖြတ်လိုသူများအတွက် Mountain Bike (MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲတွင် Start Point တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အရှေ့မှ Finish Point အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)အထိ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် သဘာဝလမ်းကြောင်းများကို ဖြတ်သန်းစီးနင်းရင်း မိမိတို့၏ ကြံ့ခိုင်မှု၊ ဇွဲလုံ့လနှင့် စက်ဘီးစီးကျွမ်းကျင်မှုများကို ပြသနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များအားလုံး စက်ဘီးစီးဦးထုပ်များ မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် အသေးစိတ် မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ ပြိုင်ပွဲလမ်းကြောင်းနှင့် ဆုချီးမြှင့်မှု အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်များအား အဆင့်လိုက် အထူးဆုများကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

MT

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ၅၂ လမ်း၊ ၃၅ လမ်း နှင့် ၄၁ လမ်းကြားတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးခင်မောင်အေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၆၀၀ ဦး တက်ရောက်ကြသည်။

ဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပျိုးမည့် သတ်မှတ်နေရာအသီးသီးတွင် အရိပ်ရခရေပင်များကို စတင်စိုက်ပျိုးကြရာ တက်ရောက်လာကြသည့် ဝန်ထမ်းများကလည်း ခရေနှင့် မယ်ဇယ်ပင်များကို တစ်ပြိုင်နက်စိုက်ပျိုးကြသည်။ ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ ၃၈၄ ပင်၊ မယ်ဇယ် ၂၁၆ ပင် စသည့် အပင်အမျိုးအစား နှစ်မျိုး စုစုပေါင်း အပင် ၆၀၀ အား စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့တော်ကြီး စိမ်းလန်းစိုပြည်ရေး၊ ပြည်သူလူထုစိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ဘဏ္ဍာနှစ်အလိုက် အရိပ်ရသစ်ပင်၊ အလှပန်းပင်များနှင့် ရာသီအလိုက်ပန်းပင်များကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ စီမံချက်များချမှတ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀



# မဟာအောင်မြေခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင်ရွေးချယ်

**မန္တလေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး ကြီးကြပ်မှုအောက်ရှိ မဟာအောင်မြေခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်း ၂၀၂၆-၂၀၂၈ခုနှစ် အလုပ်အမှုဆောင်ရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် လမ်း ၆၀နှင့် ၁၀၉လမ်းရှိ Swallow Hotel တွင် ကျင်းပသည်

ရှေးဦးစွာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)နာယက ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားသည်

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ အတွင်းရေးမှူး ဦးနိုင်နိုင်ဦးတို့က အမှာစကားအသီးသီးပြောကြားကြပြီးနောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့က နေရာယူကြကာ ၂၀၂၃-၂၀၂၆ ခုနှစ် အမှုဆောင်များနုတ်ထွက်ကြောင်း သဘာပတိက ကြေညာခြင်း၊ ၂၀၂၆-၂၀၂၈ ခုနှစ် ရွေးချယ်ပွဲအတွက် စည်းကမ်းချက်များအား စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌ ဦးကြည်စိုးက ဖတ်ကြားရှင်းလင်းပြီး ရွေးချယ်ပွဲကို ကျင်းပကာ တက်ရောက်လာသူများ၏ ဆန္ဒပြုရွေးချယ်မှုအရ ရွေးချယ်ခံရသော မဟာအောင်မြေခရိုင် အလုပ်အမှုဆောင်အဖွဲ့အား သဘာပတိက အတည်ပြုချက်ရယူပြီး အရွေးချယ်ခံရသောအလုပ်အမှုဆောင်အဖွဲ့ ကတိသစ္စာပြုခြင်းများ ပြုကြပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးမြင့်ဇော်က ပီတိစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ၂၀၂၆-၂၀၂၈ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးမြင့်ဇော် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးအောင်၊ ဦးသန်းဦး၊ ဒေါ်ဖြူပြာလှိုင်၊ အတွင်းရေးမှူးဦးရဲမိုးကျော်တို့ ပါဝင်သော ဘဏ္ဍာရေးမှူးစာရင်းကိုင်စာရင်းစစ်အလုပ်အမှုဆောင် ၂၅ ဦးဖြင့် ရွေးချယ်ခဲ့ကြောင်း သိရသည်။

(၀၇၀)

# ချမ်းအေးသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ငါးစို့ကျောင်းတိုက်ရှိ သံဃာတော်အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါကျောင်းတိုက်ရှိ ဇမ္ဗူရာဇ်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၅၄ ပါး၊ ဒေသခံပြည်သူ ၁၈၇ဦး၊ စုစုပေါင်း ၂၄၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၃၈)

# မာလကာသီးပင် စိုက်ပျိုးရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ

**ကျောက်ဆည် ဇူလိုင် ၂၆**

ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် စပါးသီးနှံကို အဓိကထားစိုက်ပျိုးကြသော်လည်း တောင်သူအချို့သည် ယာမြေများနှင့် ကိုင်း၊ ကျွန်းမြေများတွင် ကာလတို၊ ကာလရှည်သီးပင်စားပင်များနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြကြောင်းသိရှိရပြီး တံစိုးကျေးရွာမှ တောင်သူ ဦးခင်မောင်သန်း မိသားစု စိုက်ပျိုးထားသော ကီလိုမာလကာပင်များ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းအားကောင်းသည့်အတွက် နေ့စဉ်နီးပါး မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။ **(အောက်ပုံ)**



မာလကာသီးပင်များ စိုက်ပျိုးရောင်းချခြင်းနှင့် ပတ်သက်၍ နေ့စဉ်မိသားစုပုံမှန်အပိုဝင်ငွေရရှိရေး ကီလိုမာလကာအမျိုးအစား မာလကာပင်များကို မိသားစုတစ်နိုင်တစ်ပိုင်အဖြစ် တစ်ပင်လျှင် ငွေကျပ် ၅၀၀နှင့် ဝယ်ယူ၍ အပင် ၁၀၀ စိုက်ပျိုးထားကြောင်း၊ ကိုင်းကျူးမျိုးများဖြစ်သည့်အတွက် စိုက်ပျိုးပြီး တစ်နှစ်အတွင်း ရောင်းတန်းဝင်အသီးများကို စတင်ခူးဆွတ်ရောင်းချရပြီး ယခုအချိန်ကျောင်းဖွင့်တဲ့ရာသီမို့ ရောင်းအားကောင်းပြီး ဝင်ငွေလည်း ကောင်းကြောင်း မာလကာစိုက်ပျိုးသူ ဦးခင်မောင်သန်းက ပြောပြသည်။

မာလကာပင်သည် နှစ်ရှည်သီးနှံဖြစ်ပြီး စိုက်ပျိုးပါက လေဝင်လေထွက်ကောင်းမွန်ပါက အပင်များကောင်းစွာဖြစ်ထွန်းနိုင်သည်။ ထို့ပြင် အသီးများများသီးပြီး သီးလုံးများလှစေရန်အတွက် တစ်ပင်နှင့် တစ်ပင် ၁၂ ပေခြားပြီး တစ်တန်းနှင့်တစ်တန်း ၁၅ ပေခန့်ခြားကာ စိုက်ပျိုးထားကြောင်း၊ အသီးများ သီးလုံးဖောက်ပိုး မဝင်စေရန်နှင့် ရောင်းချရာ၌ အသီးရောင်တောက်ပစေရန်အတွက် ခူးဆွတ်ရန် ရက်ပေါင်း ၆၀ အလိုတွင် မာလကာသီးများကို စက္ကူဖြင့် ပတ်ပြီး ပလတ်စတစ်အိတ်များစွပ်ပေးကြောင်း မာလကာစိုက်ပျိုးရောင်းချသူများ ပြောပြ၍ သိရသည်။

(၄၈၅)

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

**ကသာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇူလိုင် ၂၅ ရက်တွင် ကျောင်းအရောက် ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

အဆိုပါအစီအစဉ်အတွင်း ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးသန်းနိုင်ဦးက နိုင်ငံသားစိစစ်ရေးကတ်၏ အရေးပါမှုနှင့် သိသင့်သိထိုက်သည့် အချက်အလက်များကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Grade-8 မှ Grade-12 အထိ အသက်(၁၀) နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(၄၅၇)



# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီထောက်ပံ့လျက်ရှိရာ ဇူလိုင် ၂၄ ရက်က မျက်စိအတွင်းတိမ်ကြောင့် ဆေးရုံတက်ရောက် မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ကန်တော့ခံဆရာမကြီးဒေါ်တင်ငွေး (ရုက္ခဗေဒ)ထံသို့လည်းကောင်း၊ ယာဉ်မတော်တဆမှုကြောင့် ခြေထောက်ခွဲစိတ်မှုခံယူခဲ့သော ကန်တော့ခံ ဆရာမကြီးဒေါ်သိန်းကြည်(ရုက္ခဗေဒ)ထံသို့လည်းကောင်း၊ ကျန်းမာရေးချို့ယွင်းလာသဖြင့် ဆေးရုံတက်ရောက် ကုသမှုခံယူနေသူ ဆရာမကြီးဒေါ်မော်လီ (ဓာတုဗေဒ)ထံသို့လည်းကောင်း၊ ခြေထောက်ထိခိုက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူသူ ဆရာမကြီးဒေါ်မော်လီလှိုင် (ပထဝီဝင်)ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေကျပ်ငါးသိန်းစီကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ အားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူသော ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၄၀၂ ဦးအား ငွေကျပ် ၈၈၅သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၄၅)**



# ဆရာအတတ်သင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၆၃လမ်း နှင့် ၆၄လမ်းကြားရှိ မုဒိတာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ဆရာအတတ်သင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းတည်ထောင်သူနှင့် ကျောင်းအုပ်ဆရာကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံဆရာ ဦးအောင်ကိုဦးနှင့် ဆရာမဒေါ်မာလာကျော်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဆရာ၊ ဆရာမများက ထက်မြက်စွာ သင်ကြားနိုင်သောဆရာတစ်ဦး ဖြစ်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ထူးချွန်စွာ ပညာတတ်မြောက်မှုရှိစေရန်တို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ နှစ်ရက်ကျင်းပခဲ့ကြောင်း ဆရာ ဦးအောင်ကိုဦးထံက သိရသည်။

**(အပေါ်ပုံ)**
**(PNT)**

# မြို့လှမြို့မှ အသက် ၁၁၈ နှစ် ရှိသည်ဟုဆိုသည့် အဘွား ဒေါ်ခင်မြင့်(ခ)ဒေါ်ဖာတမာ၏ ရာစုကျော် ဘဝဖြတ်သန်းမှု

**ရေတာရှည် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ ချောင်းမကြီး(၂)ရပ်ကွက်တွင် နေထိုင်သည့် အဘွားဒေါ်ဖာတမာ (ခ)ဒေါ်ခင်မြင့်သည် ယခုအခါ အသက် ၁၁၈ နှစ်ရှိသည်ဟု မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများက ပြောကြားထားပြီး၊ မိသားစုထံတွင် သိမ်းဆည်းထားသည့် နိုင်ငံသားစိစစ်ရေးမှတ်တမ်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံတော်မှ ပေးအပ်ခဲ့သည့် အသက်(၁၀၆)နှစ်ပြည့် ဂုဏ်ပြုလက်မှတ်တို့ကလည်း ယင်းအချက်ကို ထောက်ခံလျက်ရှိသည်။



(၂၃-၇-၂၀၂၆)ရက်က အသက် ၁၁၈ အရွယ် အဘွား ဒေါ်ခင်မြင့်အား သွားရောက်တွေ့ဆုံစဉ်

မိသားစု၏ ပြောကြားချက်အရ အဘွားဒေါ်ဖာတမာသည် မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက်တွင် မွေးဖွားခဲ့ပြီး ယခုနှစ်တွင် အသက် ၁၁၈ နှစ် ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

အဘွားဒေါ်ဖာတမာက ငယ်စဉ်ဘဝတွင် ဂျပန်ခေတ်ကို ကြုံတွေ့ခဲ့ရပြီး ပညာသင်ကြားခွင့် မရခဲ့ကြောင်း၊ နောက်ပိုင်း အရွယ်ရောက်လာချိန်တွင် မြို့လှဈေး၌ တရော်ကင်ပွန်းခေါင်းလျှော်ရည်များ ရောင်းချကာ မိသားစုစားဝတ်နေရေးကို ရှာကန်ခဲ့ကြောင်း ပြောပြသည်။

အသက်ရှည်ရခြင်း၏ လျှို့ဝှက်ချက်ကို မေးမြန်းရာတွင် အဘွားက ဘာသာရေးကိုင်းရှိုင်းစွာ နေထိုင်ခြင်းနှင့် အသီးအရွက်များကို နှစ်သက်စွာ စားသုံးခြင်းကြောင့် ဖြစ်နိုင်ကြောင်းဟုဆိုသည်။ ယနေ့အချိန်အထိလည်း မိမိလုပ်နိုင်သည့် အိမ်မှုကိစ္စများကို လုပ်ဆောင်နေဆဲဖြစ်ပြီး ဘုရားဝတ်ပြုခြင်းနှင့် ဘာသာရေးဆိုင်ရာ အလေ့အကျင့်များကို ပုံမှန်ပြုလုပ်လျက်ရှိကြောင်းနှင့် သန့်စင်ခန်း သွားနိုင်ကြောင်း သိရသည်။

အဘွား၏ စတုတ္ထသားဖြစ်သူ ဦးတင်ဝင်းက မိသားစုတွင် သားသမီး ၁၁ ဦးရှိပြီး မြေး၊ မြစ် စုစုပေါင်း ၈၀ ကျော်ရှိကြောင်း ပြောသည်။ အဘွား၏ အသက်နှင့်ပတ်သက်၍ နိုင်ငံသားစိစစ်ရေးလက်မှတ်(သုံးခေါက်ချိုး)၊ အိမ်ထောင်စုစာရင်းနှင့် အခြားမှတ်တမ်းများကို သိမ်းဆည်းထားရှိကြောင်းလည်း ၎င်းကဆိုသည်။

ထို့ပြင် အဘွားဒေါ်ဖာတမာသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အသက် ၁၀၆ ပြည့်မြောက်သည့်အတွက် နိုင်ငံတော်မှ ပေးအပ်သည့် ဂုဏ်ပြုလက်မှတ်ကို ရရှိခဲ့ကြောင်း မိသားစုက ပြသသည့် မှတ်တမ်းများအရ သိရသည်။

မြို့လှမြို့ ချောင်းမကြီး(၂) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ကလည်း အဘွားဒေါ်ဖာတမာသည် ရေတာရှည်မြို့နယ်အတွင်း အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ဒေသခံများက အသိအမှတ်ပြုထားကြောင်း အတည်ပြုပြောကြားသည်။

ရာစုတစ်ခုကျော်ကို ဖြတ်သန်းလာခဲ့သည့် အဘွားဒေါ်ဖာတမာ၏ ဘဝမှတ်တမ်းသည် ခေတ်အဆက်ဆက် အပြောင်းအလဲများကို ကိုယ်တိုင်ကြုံတွေ့ဖြတ်သန်းခဲ့သူတစ်ဦး၏ သက်ရှိသမိုင်းမှတ်တမ်းတစ်ခုအဖြစ် ထင်ရှားနေပြီး၊ ယနေ့အချိန်ထိ ရိုးရှင်းသောလူနေမှုပုံစံနှင့် ဘာသာရေးကိုင်းရှိုင်းစွာနေထိုင်လျက်ရှိသည်မှာ လူငယ်မျိုးဆက်များအတွက် အတုယူဖွယ်ဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။ **ရွှေမန်း**

# ကြက်သွန်နီဈေးနှုန်းကောင်းရရှိသဖြင့် တောင်သူများ တွက်ခြေကိုက်နေ

**ညောင်ဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ စိုက်ပျိုးထွက်ရှိထားသည့် ဆောင်းကြက်သွန်နီ(ခေါ်)လှော်ကြက်သွန်နီများ ရောင်းချနေရခြင်းကြောင့် ယခုနှစ် ကြက်သွန်နီစိုက်ပျိုး တောင်သူများ တွက်ခြေကိုက်နေကြကြောင်း ညောင်ဖြူပင်ကျေးရွာ ကြက်သွန်စိုက်ပျိုးတောင်သူများထံက သိရသည်။

ဆောင်းကြက်သွန်နီများ ဧပြီလ၊ မေလပထမပတ် တွင် ကြက်သွန်နီ ဈေးအနည်းငယ်သာ ရရှိခဲ့သော်လည်း မေလဒုတိယပတ်မှ ဇူလိုင်လပထမပတ်အထိ ကြက်သွန်နီ ဈေးနှုန်းအနည်းငယ်မြင့် ရောင်းချနေရခြင်းကြောင့် ကြက်သွန်နီ စိုက်ပျိုးတောင်သူများ အဆင်ပြေနေကြောင်း ကြက်သွန်စိုက်ပျိုးတောင်သူများက ပြောသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီ (ခေါ်)လှော်ကြက်သွန်နီ အများအပြား စိုက်ပျိုးကြပြီး ကြက်မောက်တောင်ချောင်းတစ်လျှောက် စိုက်ပျိုးခြင်း၊ ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးခြင်း၊ ရေဆုံးအုပ်စုကျေးရွာများတွင် စိုက်ပျိုးခြင်းနှင့် စိတ္တိန်း၊ ကမ်းဖြူကျေးရွာများတွင် စိုက်ပျိုးကြကြောင်း၊ ဆောင်းကြက်သွန် စိုက်ပျိုးရန် ပျိုးထောင်ချိန်မှ စိုက်ပျိုးချိန်၊ နှုတ်သိမ်းချိန်ထိ အချိန်ခြောက်လကျော်ကြာမြင့်ကြောင်း၊ ဆောင်းကြက်သွန်မျိုး စတင်ပျိုးထောင်ချိန် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပျိုးထောင်ကြပြီး ပျိုးသက် ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ ရွှေ့ပြောင်းမစိုက်ပျိုးခင် အချိန်ထိ ထွန်ရေးညက်အောင် ထွန်ယက်ရခြင်း၊ မြေဆီ၊ မြေဩဇာနှပ်ထားရခြင်း၊ ရေလောင်း၊ ရေဖျန်းရန် ကြိုတင်တွင်းတူး၊ တွင်းဖော်ရခြင်းများ ကြိုတင်လုပ်ဆောင်ထားရကြောင်း၊ စိုက်ပျိုးချိန် ပျိုးနုတ်ရန် အလုပ်သမား၊ အလုပ်သမားငှားရမ်းရခြင်း၊ စိုက်ပျိုးဖို့ အလုပ်သမအမြောက်အမြား ငှားစိုက်ရခြင်းများက ကြက်သွန်စိုက်ပျိုးသူများ ငွေကုန်ကြေးကျများသည့် လုပ်ငန်းဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးလျက်ရှိကြောင်း ညောင်ဖြူပင်ကျေးရွာ ဦးမင်းသိန်းကပြောသည်။ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် အလှူအတန်းပေါ်များသဖြင့် ကြက်သွန်နီ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိတတ်ကြောင်း သိရသည်။

(ဝဲပုံ)
(၄၈၁)



သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင် သုံးစွဲစို့။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ရက်ပ်ပါ ၁၀ ဦး စာရင်းတွင် ဂျင်းနီ ထိပ်ဆုံးမှ ပါဝင်



ကေပေါ့ပ် လောကတွင် ရက်ပ်စကေးနှင့် ပါဖောမင့်ပိုင်း အရ ဩဇာအရှိဆုံး၊အရည်အချင်း အရှိဆုံးဟု သတ်မှတ်ခံရသည့် ထိပ်ဆုံးရက်ပ်ပါ ၁၀ ဦး စာရင်း တွင် ဘလက်ပင့်ခ်မှ ဂျင်းနီ ထိပ်ဆုံးမှ ပါဝင်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်းနီ၏ ရက်ပ်စတိုင်လ်မှာ ပြတ်သားပြီး အသံထွက်ကောင်း၍ သီချင်း၏ ခံစားမှုအလိုက် ပြောင်းလဲနိုင်စွမ်းရှိပြီး Solo နှင့် Pink Venom တွင် ရက်ပ်ပိုင်း အကောင်းဆုံး တွေ့ရသည်။

အိုင်ဒီရယ်မှ ဆိုယွမ်မှာ ရက်ပ်ပါတစ်ဦးဖြစ်ပြီး ကိုယ်တိုင်ရေးသားသီဆို၍ သီချင်းထဲ ရက်ပ်ထည့်ရမည့်နေရာကို သိသူဖြစ်သည်။ စတေရီကစ်မှ ချန်ဆင်း၏ ရက်ပ်စကေးမှာ အမြန်ဆုံးနှင့် အားအကောင်းဆုံး ဖြစ်သည်။

လီဆာကလည်း ရက်ပ်ကို စည်းချက်နှင့်အညီ အသုံးချနိုင်ကြောင်း Money တွင် ပြသခဲ့ကာ BTS မှ RM က စာသားအနက် အဓိပ္ပာယ်တွင် ဆရာတစ်ဆူဖြစ်ပြီး G-Dragon က ရက်ပ်ပိုင်း လမ်းသစ်တွင်ခဲ့ကာ SUGA က စိတ်လှုပ်ရှားမှုကို ရက်ပ်နှင့် ပုံဖော်ခဲ့ကာ ZICO၊ Moonbyul နှင့် Bobby တို့လည်း ထိပ်တန်း ရက်ပ်ပါများ ဖြစ်ကြသည်။

(SKY)



## ဝင်သက်ထက် ထွက်သက် ပိုမိုရှည်လျားစွာ ရှူထုတ်ခြင်းဖြင့် နှလုံးခုန်နှုန်းပြောင်းလဲကာ ဆုံးဖြတ်ချက် ရဲ့ရဲ့စွာ ချမှတ်စေနိုင်

အသက်ရှူသည့်ပုံစံကို မိမိစိတ်ဖြင့် သတိပြုထိန်းချုပ်ခြင်းက နှလုံးနှင့် ဦးနှောက်လုပ်ဆောင်ချက် နှစ်ရပ်လုံးအပေါ် သက်ရောက်မှု ရှိစေပြီး ထိုမှတစ်ဆင့် ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် လွှမ်းမိုးနိုင်ကြောင်း ဂျာမန်လူသားအာဟာရသိပ္ပံအဖွဲ့နှင့် ရှာရီတေ-ဘာလင် ဆေးတက္ကသိုလ်တို့မှ သုတေသီများက ပထမဆုံးအကြိမ်အဖြစ် သက်သေပြသနိုင်ခဲ့သည်။

ပါမောက္ခ ဆိုယန်းကျူပတ်ခ် ဦးဆောင်သော သုတေသနအဖွဲ့၏ တွေ့ရှိချက်အရ အသက်ရှူထုတ်သည့်အဆင့်ကို ပိုမိုရှည်လျားအောင် ပြုလုပ်ပေးခြင်းက နှလုံးခုန်နှုန်းပြောင်းလဲမှုနှုန်းကို မြင့်တက်စေသည့်အပြင် ရရှိလာမည့် ရလဒ်ကောင်း(သို့မဟုတ်)ဆုလာဘ်များအပေါ် ဦးနှောက်၏ တုံ့ပြန်မှုကိုလည်း ပိုမိုကောင်းမွန်စေသဖြင့် လူသားများ အနေဖြင့် ပိုမိုရဲဝံ့ပြတ်သားသော ရွေးချယ်မှုများကို ပြုလုပ်ရန် အခွင့်အလမ်း ပိုများလာစေသည်။

ယင်းသုတေသနတွေ့ရှိချက်များကို နာမည်ကျော် သိပ္ပံဂျာနယ် တစ်စောင်ဖြစ်သည့် နျူရွန်တွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရသည်။

(SCI)

## အမိမြေ ထိုင်းနိုင်ငံကို ချစ်ကြောင်းပြသသွားသည့် လီဆာ



၂၀၂၆ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် Met Gala ပွဲတော်သို့ ကေပေါ့ပ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး ဖက်ရှင်စတိုင်လ်သစ်များ ချပြထား၍ ထိုင်းနိုင်ငံသူ ကေပေါ့ပ် အနုပညာရှင် လီဆာကလည်း အမိမြေ ထိုင်းနိုင်ငံကို ချစ်ကြောင်း ပြသသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင်လေးဦးနှင့်အတူ ကေပေါ့ပ်အနုပညာရှင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး မလွှေ့သောဖက်ရှင်စတိုင်လ်များနှင့် ကုန်အမှတ်တံဆိပ်သံတမန် ကိုယ်စားပြုခဲ့ကြသည်။

လီဆာ၏ ဝတ်စုံကိုရည်ရွယ်ချက်ကောင်းကောင်းနှင့် အသေးစိတ် ဖန်တီးထားပြီး အမိမြေ ထိုင်းနိုင်ငံကို ချစ်ကြောင်းပြသခဲ့ရာ ပရိသတ်ကြား ဝေဖန်မှုများ ပေါ်ထွက်လာခဲ့သည်။ "ဖက်ရှင်သည် အနုပညာဖြစ်သည်" ခေါင်းစဉ်နှင့်ပြသခဲ့သည်။ ဂျင်းနီ၊ ဂျီဆူနှင့် ရို့စ်တို့၏ ဖက်ရှင်စတိုင်လ်များမှာ လူအများကြား ထင်ပေါ်နေပြီး ကေပေါ့ပ်အနုပညာရှင်များအတွက် ဂုဏ်ယူဖွယ် ပွဲတော်တစ်ခုဖြစ်ခဲ့သည်။

(SKY)

## Tian Xuning က ပိုင်ဆိုင်လိုစိတ်ကို ထုတ်ဖော်ပြသ



တရုတ် အနုပညာလောကတွင် အတွဲညီခဲ့သော Revenge Love ဇာတ်ကားမှာ အနုပညာရှင် Tian Xuning က သူ၏ ပိုင်ဆိုင်လိုစိတ်ကို ပို့စ်တစ်ခုတွင် တင်၍ ထုတ်ဖော်ပြသထားသည်ဟု ပရိသတ်များက မှတ်ချက်ပေးထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်ဥပဒေအရ အမျိုးသားတစ်ဦး အသက် ၂၂ နှစ်ပြည့်လျှင် လက်ထပ်ခွင့်ရသည့် အသက်အဖြစ် သတ်မှတ်ထားသည်။Tian Xuning က တွဲဖက်သရုပ်ဆောင် ကျီယွီ၏ ၂၂ နှစ်ပြည့် မွေးနေ့တွင် စက္ကန့်မလပ် ဆုတောင်းပေးခဲ့ပြီး ကျီယွီအပေါ် အလေးအနက်ထား ဆက်ဆံကြောင်း သက်သေပြခဲ့သည်။ ကျီယွီ၏ သီချင်းသစ် Home Town Moon သီချင်းမှာလည်း စံချိန်သစ်တင်ခဲ့သည်။

ပရိသတ်များက Tian Xuning ၏ (၂၅-၁၁-၂၀၁၆) ခုနှစ်က ပို့စ်တစ်ခုတွင် "ငါ မင်းကို ကြိုက်တယ်ဆိုရင် မင်းက ငါ့အပိုင်ပဲ မင်းက ငါ့ကို မကြိုက်ဘူးဆိုရင်တော့ ငါ့အပိုင်ပဲ၊ ငါ မင်းကို ကြိုက်နေသရွေ့တော့ မင်းက ငါ့အပိုင်ဖြစ်ရမယ်၊ ဒါပါပဲ"ဟု ရေးသားတင်ပြထားပြီး သူ၏ ပိုင်ဆိုင်လိုစိတ်ကို ထုတ်ဖော်ပြသထားသည်ကို သတိတရ ရှိခဲ့ကြသည်။

(SKY)

## Shin Hye Sun တွင် တစ်ခုတည်းသော အိပ်မက်ရှိ



နာမည်ကျော် ကိုရီးယား သရုပ်ဆောင် မင်းသမီး Shin Hye Sun သည် တစ်ခုတည်းသော အိပ်မက်ဖြစ်သည့် သရုပ်ဆောင်ဖြစ်ရန် ခက်ခဲသော အနုပညာခရီးကို လျှောက်ခဲ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Shin Hye Sun ၏ တစ်ခုတည်းသော အိပ်မက်မှာ ခေါင်းဆောင်မင်းသမီးဖြစ်ချင်ခဲ့ပြီး မိခင်ထံ စာရေး၍ သရုပ်ဆောင်သင်တန်း တက်ခဲ့ခြင်း ဖြစ်သည်။

သင်တန်းတက်ရောက်ပြီးနောက် Audition အောင်ရန် အကြိမ်ရာကျော် ကြိုးပမ်းခဲ့ရကြောင်း၊ ၂၀၁၃ ခုနှစ်တွင် School 2013 တွင် ပါဝင်ခွင့်ရခဲ့ပြီး ၂၀၁၇ ခုနှစ် My Golden Life တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ဘဝတွင် အလှည့်အပြောင်းများစွာနှင့် ကြုံခဲ့ပြီး ခက်ခဲစွာ ဖြတ်သန်းခဲ့ရကြောင်း You Quiz on the Block တွင် ရင်ဖွင့်သွားခဲ့သည်။

Shin Hye Sun က အနုပညာလောကတွင် ဝမ်ဘင်းကို စံနမူနာထားကြိုးစားခဲ့ရာ အောင်မြင်မှုများစွာ ရရှိထားသည်။

(SKY)

*-*-*-*-*

## ၂၀၂၆ ခုနှစ်တွင် စွမ်းအားပြည့်နှင့် ပေါ်ထွက်လာသည့် Jennifer Lopez



၂၀၂၆ ခုနှစ်တွင် ဂျနီဖာလိုပက်ဇ်သည် အနုပညာလောကကို အားသစ်လောင်းရန် ခြေလှမ်းပြင်နေပြီး စွမ်းအားပြည့်နှင့်ပေါ်ထွက်လာကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျနီဖာလိုပက်ဇ်နှင့်ပတ်သက်၍ ထူးခြားချက်မှာ ၂၀၂၆ နှစ်ဆန်းတွင် ဖျော်ဖြေပွဲသစ်ကို Las Vegas ၌ ကျင်းပခဲ့ရာ Up All Night; Live in Las Vegas ၌ Residen Cup တွင် နာမည်ကြီး သီချင်းဟောင်းများနှင့် Broadway ပုံစံအကအလှနှင့် ခမ်းနားစွာ တင်ဆက်ခဲ့သည်။

ရုပ်ရှင်နှင့် အနုပညာလှုပ်ရှားမှုအဖြစ် သည်းထိတ်ရင်ဖိုရုပ်ရှင် The Last Mrs Pauch တွင် လှည့်စားတတ်သူအဖြစ် ပါဝင်ထားပြီး ပရိသတ်၏ ချီးကျူးမှုကို ရရှိထားသည်။

၂၀၂၆ ခုနှစ် နှစ်ဆန်းတွင် ကမ္ဘာကျော် DJ David Guetta နှင့် စုပေါင်း၍ Save Me Tonight သီချင်းထုတ်ဝေခဲ့ပြီး လူကြိုက်များနေသည်။ ခင်ပွန်း ဘန်အက်ဖရက်နှင့် လမ်းခွဲပြီး သား၊ သမီးများကို အချိန်ပေးကာ အတိတ်မှ အခက်အခဲများကို ကျော်ဖြတ်ပြီး ပျော်ရွှင်သော ကာလများကို ဖြတ်သန်း၍ စွမ်းအားပြည့်နှင့် ပေါ်ပေါက်လာခဲ့သည်။

(SKY)

## အဝလွန်နေသော Seo In Guk ကို JYP က ငြင်းပယ်

နာမည်ကြီး အဆိုတော် သရုပ်ဆောင်မင်းသား Seo In Guk သည် လက်ရှိထိပ်တန်း စာရင်းဝင် အနုပညာရှင်ဖြစ်သော်လည်း အစပိုင်းတွင် ခါးသီးမှုများနှင့် ဆေးခြယ်ထားကာ အဝလွန်၍ JYP အင်တာတိန်းမန့်က ငြင်းပယ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Seo In Guk သည် ဆင်းရဲသောမိသားစုမှ မွေးဖွားခဲ့ပြီး ကြက်ကြော်ကြိုက်နှစ်သက်ကာ ပေါင် ၁၉၀ နှင့် အဝလွန်ခဲ့၍ အသံပါရမီရှိ၍ JYP တွင် အဆိုဝင်ပြိုင်ရာမှ ငြင်းပယ်ခံရကာ ဝိတ်လျှော့ပြီး ပြန်လာရန်ပြောခဲ့သည်။

မိခင်ကိုယ်ဝန်ရှိစဉ်က ကြက်ရိုးနှင့် ကြက်စွပ်ပြုတ်ကို စားခဲ့၍ ကြက်စွပ်ပြုတ်နှင့် ကြက်ကြော်ကို နှစ်သက်ခဲ့သော်လည်း စားပြီး လက်ထိုးအန်ခဲ့ရ၍ အသံပိုင်းဆိုင်ရာ ပျက်စီးခဲ့ရသည်။ဒုတိယအကြိမ် ပြိုင်ပွဲတွင် ကျရှုံးခဲ့ပြီး ပြိုင်ပွဲဝင်ပေါင်း ခုနစ်သောင်းနှစ်ထောင်နှင့် SuperstarK ပြိုင်ပွဲတွင် အနိုင်ရကာ မိသားစုငွေရေးကြေးရေးပြေလည်၍ အနုပညာလောကတွင် နေရာတစ်နေရာရခဲ့ပြီး အောင်မြင်မှုများနှင့် ထိပ်တန်းအနုပညာရှင် တစ်ဦး ဖြစ်လာခဲ့သည်။



(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အခမဲ့ အီလက်ထရွန်နစ် ဇုန်တစ်ခု ဖွင့်လှစ်ပေးထား



**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ခရီးစဉ်ထွက်ခွာမည့် ခရီးသည်များနှင့် အခြားလေယာဉ်သို့ ပြောင်းရွှေ့စီးနင်းမည့် ခရီးသည်များအတွက် အခမဲ့ အီလက်ထရွန်နစ်ဇုန်တစ်ခုကို ဖွင့်လှစ်ပေးထားရာ ပထမသုံးရက်အတွင်း လာရောက်လည်ပတ်သူ ၁၀၀၀၀ ကျော်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အားလပ်ရက် ခရီးသွားရာသီများအတွင်း ခရီးသည်ဦးရေ တိုးတက်လာမှုကို လျှော့ချစီမံနိုင်ရန်အတွက် လေဆိပ်အာဏာပိုင်အဖွဲ့သည် လက်မှတ်စစ်ဆေးခြင်းနှင့် လုံခြုံရေးစစ်ဆေးခြင်း လုပ်ငန်းစဉ်အချို့ကို အမှတ် (၂) လေဆိပ်အဆောက်အအုံသို့ ပြောင်းရွှေ့ခဲ့ရာ လတ်တလော၌ တစ်ရက်လျှင် ခရီးသည် ၂၀၀၀၀ ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့် အမှတ် (၂) လေဆိပ်အဆောက်အအုံကို မေလနှောင်းပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကြန့်ကြာမှုများကို လျှော့ချနိုင်ရန် ကိုယ်တိုင်လက်မှတ်စစ်ဆေးသည့် စနစ်၊ အလိုအလျောက် ဝန်စည်စလွယ် ရေတွက်လက်ခံသည့် စနစ်နှင့် အီလက်ထရွန်နစ် လုံခြုံရေးဂိတ်များပါဝင်သော နည်းပညာအခြေပြုဝန်ဆောင်မှုများကို ထည့်သွင်းထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

၀-၀-၀-၀

## တရုတ်နိုင်ငံက ဗီဇာမူဝါဒများကို ပိုမိုဖြေလျှော့ပေးခဲ့သဖြင့် နှစ်ဝက်တွင် ပြည်ပခရီးသွား သန်း ၂၃ သန်းခန့် လက်ခံရရှိခဲ့

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံက ဗီဇာမူဝါဒများကို ပိုမိုဖြေလျှော့ပေးခဲ့သဖြင့် ၂၀၂၆ ခုနှစ်၏ ပထမနှစ်ဝက်တွင် နိုင်ငံခြားသားခရီးသွား သန်း ၂၃ သန်းနီးပါး လက်ခံရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသွားလာမှု လုပ်ငန်းစဉ်များကို စည်းစနစ်တကျ လွယ်ကူအောင်ပြုလုပ်ပေးခြင်းနှင့် ဗီဇာကင်းလွတ်ခွင့်များကြောင့် ထိုသို့ တိုးတက်လာခြင်းဖြစ်ကြောင်း အဲန်အိုင်အေ ပြောရေးဆိုခွင့်ရှိသူ လင်းယုံရှန်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

နိုင်ငံခြားသားခရီးသွားများသည် ယမန်နှစ်ကထက် ၃၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ရာ ၎င်းတို့အနက် ၁၈ သန်းနီးပါးသည် ဗီဇာကင်းလွတ်ခွင့်ဖြင့် တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Mon**



## တိုင်ဖုန်းမုန်တိုင်း နူးလ် တရုတ်နိုင်ငံတောင်ပိုင်းသို့ဝင်ရောက် ဂွမ်ဒေါင်းပြည်နယ်နှင့် ဟောင်ကောင်၌ မိုးသည်းထန်စွာရွာသွန်း

**ပေကျင်း ဇူလိုင် ၂၆**

တိုင်ဖုန်းမုန်တိုင်း နူးလ်သည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဇူလိုင် ၂၆ ရက်စောစောပိုင်းတွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဂွမ်ဒေါင်းပြည်နယ်နှင့် အိမ်နီးချင်း ဟောင်ကောင်ဒေသတစ်လျှောက် မိုးသည်း ထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယားဘာသာစကားဖြင့် နေအရဏ်တက် သို့မဟုတ် နေဝင်ချိန်၏ရောင်ခြည်ဟု အဓိပ္ပာယ်ရသော နူးလ်သည် ယခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာ၌ ၁၂ ခုမြောက်ဖြစ်ပေါ်ခဲ့သည့် တိုင်ဖုန်းမုန်တိုင်းဖြစ်ပြီး ယခုလအတွင်း တရုတ်နိုင်ငံသို့ သုံးခုမြောက် ဝင်ရောက်တိုက်ခတ်ခြင်းလည်း ဖြစ်သည်။

အဆိုပါမုန်တိုင်းကြောင့် ဂွမ်ဒေါင်းပြည်နယ်တွင် လူဦးရေ ၃၄၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ရထားခရီးစဉ်အချို့ကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။ **Mon**

STOP
AIDS



## ဂျပန်တွင် ၄၀ ဒီဂရီဆဲလ်စီးယက်စ်အထက် အပူချိန် မြင့်တက် အပူလှိုင်းကြောင့် ငါးရက်ဆက်တိုက် အပူဒဏ် ရင်ဆိုင်ခဲ့ရ

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယက်စ်အထက် အလွန်ပြင်းထန်သော အပူလှိုင်းကြောင့် ငါးရက်ဆက်တိုက် အပူဒဏ်ကို ရင်ဆိုင်ခဲ့ရပြီး တာဝန်ရှိသူများက ဒေသအချို့တွင် အပူဒဏ်လျှပ်တစ်ပြက်ထိခြင်း သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဆက်တိုက်ပူပြင်းမှုသည် ၂၀၁၀ ပြည့်နှစ်တွင် စာရင်းစတင်ကောက်ယူခဲ့ချိန်မှစ၍ စံချိန်တင် အရှည်ကြာဆုံး အပူချိန်မြင့်မားသည့် ရက်များဖြစ်ကြောင်း ဂျပန်မီဒီယာများက ဖော်ပြကြသည်။

ဂျပန်မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ အအိချိနှင့် ဂီဖုဒေသများအပါအဝင် ဂျပန်နိုင်ငံအလယ်ပိုင်းရှိ မြို့ခြောက်မြို့သည် လွန်စွာပူပြင်းသောနွေဟု အဓိပ္ပာယ်ရသည့် ကော့ကုရှောဘိ စံချိန်သစ်ကို ကျော်လွန်ခဲ့ကြောင်း သိရသည်။

**Mon**





## တူနီးရှားနိုင်ငံရှိ စီဒီဘိုဆက်ဒ်ကျေးရွာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လာ

**တူးနစ် ဇူလိုင် ၂၆**

တူနီးရှားနိုင်ငံ၏ ထင်ရှားသည့် ကျေးရွာတစ်ခုဖြစ်သော စီဒီဘိုဆက်ဒ် (Sidi Bou Said) ကျေးရွာကို ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းလိုက်ကြောင်း တူနီးရှားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက် တွင် ပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ကို



တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ (၄၈)ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

စီဒီဘိုဆက်ဒ်ကျေးရွာသည် ထူးခြားအရေးပါသည့် တန်ဖိုးများ၊ ထူးခြားသည့် ဗိသုကာလက်ရာများ၊ ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရာစုနှစ်များစွာ ကြာမြင့်ခဲ့သည့် မြေထဲပင်လယ်ဒေသ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုကို ထင်ဟပ်ပြသနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ အသိအမှတ်ပြုခံရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါကျေးရွာကို ၁၄ ရာစုကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် နိုင်ငံတကာခရီးသွား ၄ ဒသမ ၅ သန်းခန့်ကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း အမွေအနှစ်ဆိုင်ရာ ပါမောက္ခနှင့် အကြံပေးဖြစ်သူ ရီဒါရှီလီက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်၌ မူးယစ်ဆေးစွဲသူ ၁၀၀ ကျော်ကို ပြန်လည်ထူထောင်ရေးစင်တာသို့ ပို့ဆောင်

**ကဘူးလ် ဇူလိုင် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဒေးကွန်ဒီပြည်နယ်၌ ရဲတပ်ဖွဲ့က မူးယစ်ဆေးစွဲသူ ၁၀၀ ကျော်ကို စုစည်းကာ ပြန်လည်ထူထောင်ရေးစင်တာသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်းရှိ မူးယစ်ဆေးစွဲသူ ၇၈ ဦးမှာ ကုသမှုခံယူပြီးနောက် ပြန်လည်ကျန်းမာလာကာ မိသားစုများထံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်အတွင်း အမျိုးသမီးများနှင့် ကလေးများအပါအဝင် ထောင်နှင့်ချီသည့် မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပြီး လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## စက်သုံးဆီရောင်းချမှုနှင့် မီးဘေးအန္တရာယ်လုံခြုံမှုရှိစေရေး စစ်ဆေး

**ချောက် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ စက်သုံးဆီရောင်းချမှုနှင့် မီးဘေးအန္တရာယ်လုံခြုံမှုရှိစေရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ချောက်မြို့ပေါ်ရှိ သုခအောင် -၂၊ လဝန်းသာ၊ ဝင်းမော်၊ Denko စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က စက်သုံးဆီအရောင်းဆိုင်များတွင် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ၊ မရှိ စနစ်တကျရောင်းချစေရေး၊ သတ်မှတ်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိခြင်း ရှိ၊ မရှိ မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှုရှိ၊ မရှိ၊ ရေသိုလှောင်ကန်များ၌ ရေများဖြည့်တင်းထားရှိမှုရှိစေရေးနှင့် ပလတ်စတစ်ပုံးများဖြင့် စက်သုံးဆီရောင်းချမှု မရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက် ၁၀ နာရီက အမရပူရမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်ဦးက အမှာစကားပြောကြားပြီးနောက် တွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်း၊ အတွင်းရေးမှူးဦးမြင့်သန်းက အရက်၊ ကွမ်းဆေးဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းတို့ကို ဟောပြောခဲ့သည်။

ဆက်လက်၍ ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို မေးခွန်းများမေးမြန်းပြီး မေးခွန်းဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၇၀)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





## တရားမဝင်သယ်ဆောင်လာသည့် စက်သုံးဆီများ ဖမ်းဆီးရမိ

**မော်လမြိုင် ဇူလိုင် ၂၆**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် စက်သုံးဆီများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေနံထွက်ပစ္စည်းများအား တရားမဝင်သယ်ဆောင်နေကြောင်း သတင်းအရ ညောင်ပင်ဆိပ်ရပ်ကွက်၊ မော်လမြိုင်-ဘားအံသွားကားလမ်း၌ သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် မော်လမြိုင်မြို့မှ ဘားအံမြို့ဘက်သို့ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဦးရန်နိုင်ဦး(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် MAZDA BONGO မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်ပေါ်မှ ဓာတ်ဆီ ၂၀ လီတာခန့်ပါ အဝါရောင်ပုံး ၆၆ ပုံး၊ အဖြူရောင်ပုံး နှစ်ပုံးတို့အား တရားမဝင်သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရန်နိုင်ဦးဆိုသူအား စက်မှုဇုန်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## Solar Battery အိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး၊ပုသိမ်ကြီးမြို့နယ်၊ ကျွဲရေကုန်းကျေးရွာအုပ်စု၊ ကျွဲရေကုန်းကျေးရွာရှိ ခြံစောင့်တဲတွင် Solar Battery အိုးအပူလွန်ကဲပြီး မီးလောင်မှု ဇူလိုင် ၂၅ ရက် ည ၇ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးမှူးဦးမင်းသန့် ဦးဆောင်၍ သန္ဓေအရန်တပ်ဖွဲ့ဝင် ၁၆ ဦးသည် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ၁၀ ပေပတ်လည် သွပ်မိုး၊ အထပ်သားကာ ခြံစောင့်တဲ တစ်လုံး၊ ZIHO အမျိုးအစား ၅၁ ဒသမ ၂ V300 AH Battery တစ်လုံးနှင့် အင်ဗာတာ တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူအား ပုသိမ်ကြီးမြို့နယ် မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တွဲကားယာဉ်သည် ရှေ့မှမော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိ၍ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ တွဲကားယာဉ်သည် ရှေ့မှမော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိ၍ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာ၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မိုင်တိုင်အမှတ် ၂၄၂ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံ ကြား၌ ယာဉ်တိုက်မှုဖြစ်ပွား ကြောင်း သတင်းအရ အမှတ် (၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကလေးကျေးရွာနေ ဦးလင်းလင်းထက်(၃၆)နှစ်ဆိုသူ မောင်းနှင်ပြီး ကျောက်ဆည်မြို့နယ်၊ တော်တော်ကျေးရွာနေ ကိုရန်နောင်ထွန်း(၂၈)နှစ်ဆိုသူ လိုက်ပါလာသည့် NISAN DIESEL တွဲကားမော်တော်ယာဉ်သည် လားရာတူရှေ့မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ ဦးရှိန်းဇော်မင်း(၃၆)နှစ်ဆိုသူ မောင်းနှင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ ဦးတင်အောင်မြင့်(၅၆)နှစ်ဆိုသူ လိုက်ပါလာသော TOYOTA DYNA မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်ခဲ့သဖြင့် ဦးရှိန်းဇော်မင်းနှင့် ဦးတင်အောင်မြင့်တို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ရွှေမြို့နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပဲခူး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး၊ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ နွယ်ချို(၁)ရပ်ကွက်နေ ဦးဇော်မင်း(၅၃)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားနေကြောင်း သတင်းအရ ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေအိမ် နောက်ဖေးမီးဖိုချောင်အတွင်း၌ အိမ်ရှင်ဖြစ်သူ ဦးဇော်မင်းနှင့် တစ်ရပ်ကွက်တည်းနေ ဒေါ်အိအိစိုး(၄၁)နှစ်၊ ဒေါ်ဝင်းပပ (၃၁)နှစ်ဆိုသူတို့ သုံးဦးအား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်မင်း (ပါ-၃ ဦး)တို့အား ပေါင်းတည်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest -EOI) ခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ရန်ကုန် - ပဲခူးလမ်းမကြီးဘေး၌ တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ပြည်တွင်း ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီများ၏အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ်တွက်ခြေကိုက်မှုရှိစေရေး (Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့လိပ်မူ၍လည်းကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ ပူးတွဲတင်ပြရမည့်ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာဖော်ပြ၍ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Work Plan ၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ

(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပကုမ္ပဏီရှိပါက ယင်းကုမ္ပဏီ၏အချက်အလက်များ (ပူးတွဲဖြင့်တင်ပြရန်)

(ဃ) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့အစည်း၏ ထောက်ခံချက်၊ ပြည်ပတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲဖြင့်တင်ပြရန်)

(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ်အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထားသည့် အစီရင်ခံစာ)

(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၉၊ ၀၆၇-၃၄၃၀၅၁၀)

**စားသုံးသူရေးရာဦးစီးဌာန**

# သက်တမ်းလွန် အစားအသောက်နှင့် ဆေးဝါးများမီးရှို့ဖျက်ဆီး

**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့တွင် ဇူလိုင်၂၄ရက်က သက်တမ်းလွန် အစားအသောက်နှင့် ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။

ပြည်သူလူထု ကျန်းမာရေးနှင့်အညီ ဝယ်ယူစားသောက်နိုင်ရေး၊ စနစ်တကျရောင်းချနိုင်ရေးကိုရည်ရွယ်ပြီး သက်တမ်းလွန် အစားအသောက်နှင့် ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။

လေရှီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ဇူလိုင် ၂၄ ရက် နံနက် ၁၀နာရီက လေရှီးမြို့နယ်အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ ဆေးဝါးပစ္စည်းဆိုင်များတွင် သက်တမ်းကုန်ရက်လွန်ဆေးဝါးများနှင့် စားသောက်ကုန်များရောင်းချမှုမရှိစေရေးအတွက် လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံစစ်ဆေးရခြင်းမှာ စားသုံးသူပြည်သူများအား သက်တမ်းကုန်ရက်လွန် အစားအစာများ၊ ဆေးဝါးများကြောင့် ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန် စစ်ဆေးခြင်းဖြစ်ပြီး အသင့်စားအစားအစာများ၊ ကြာရှည်ခံစည်သွပ်ဘူးများ၊ ဆေးဝါးများအား အဓိကထားစစ်ဆေးခဲ့ပြီး စားသောက်ကုန်ရောင်းချသူများကို သက်တမ်းကုန်လျှင်ရောင်းချမှုမပြုသင့်ကြောင်း မှာကြားခဲ့သည်။

သိမ်းဆည်းရမိသည့်ပစ္စည်းများကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ သက်ဆိုင်ရာတာဝန်ရှိသူများက အခြေခံစားသောက်ကုန် ငါးမျိုးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀



❖ရှေ့ဖုံးမှ

မြန်မာသံရုံး၏ထုတ်ပြန်ချက်အရ ဂျပန်နိုင်ငံတွင်ပညာသင်ကြားခြင်း၊ အလုပ်အကိုင်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် စာရွက်စာတမ်းများကို နိုတြီဘာသာပြန်ဆိုရာ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အသိအမှတ်ပြုထားသည့် နိုတြီပဗ္ဗလစ်ရှေ့နေများ၏ ထောက်ခံချက်ရရှိထားသည့် စာရွက်စာတမ်းများကိုသာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုတြီဌာနစိတ်က ထပ်ဆင့်ထောက်ခံပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ နိုတြီစာရွက်စာတမ်း ထပ်ဆင့်ထောက်ခံချက်လျှောက်ထားလိုသူများအနေဖြင့် မလိုအပ်သောနှစ်နာမှုများ မဖြစ်ပေါ်စေရေးနှင့် စာရွက်စာတမ်းအတုအပပြုလုပ်ခံရမှုများမှ ကာကွယ်နိုင်ရေးအတွက် ဂျပန်နိုင်ငံရှိ ပွဲစားများမှတစ်ဆင့် ဆောင်ရွက်ခြင်းမပြုကြရန် မြန်မာသံရုံးက သတိပေးထားသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ မိသားစုဝင်များအား ကိုယ်စားလှယ်လွှဲအပ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်နှင့် ရန်ကုန်) တွင် ထောက်ခံချက်ရယူထားသည့် မှန်ကန်စိတ်ချရသော နိုတြီစာရွက်စာတမ်းများကိုသာ မြန်မာသံရုံး (တိုကျို) က ထပ်ဆင့်ထောက်ခံပေးမည်ဖြစ်ပြီး၊ ခြောက်လအတွင်းသက်တမ်းရှိသော နိုတြီစာရွက်စာတမ်းများကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးထားသည်။ TWA

❖ စာမျက်နှာ ၂၄ မှ

ဇူလိုင် ၂၆ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဘုရားများအား ဖူးမြော်လေ့လာကြမည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲအနေဖြင့် Information Center သုံးခုအား ပုဂံ-ညောင်ဦးလေဆိပ်၊ ICT ခန်းမနှင့်ပုဂံမြို့သစ်တို့တွင် ကမ္ဘာ့လှည့်ခရီးသွားများ အဆင်ပြေစွာသွားလာနိုင်ရေး ဖွင့်လှစ်ထားကြောင်းသိရသည်။

(၄၈၁)

၀-၀-၀-၀

■ စာမျက်နှာ ၂၄ မှ

ပေးအပ်ချီးမြှင့်ခဲ့ပြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ ကို ချီးမြှင့်ခဲ့သည်။

ထို့နောက် ဒုတိယဆုရရှိခဲ့သော YRG FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ပွဲစဉ်တစ်လျှောက် ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုကို ကျော်ရဲသွေး(YCDC Dream Team FC)အသင်းနှင့် အကောင်းဆုံး(ယူ-၁၉)လူငယ်ကစားသမားဆုကို အောင်စည်ထက် (Yangon Academy FC) တို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**နိုင်ကမ္ဘာ**

* ရှေ့ဖုံးမှ

ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ၃-၈-၂၀၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**









# နိုင်ငံတကာ အားကစား သတင်းများ



## စပို့တင်းလစ္စဘွန်းအသင်းက မိုနာကိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ပါရီ ဇူလိုင် ၂၆**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းနှင့် ပြင်သစ်ကလပ် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပို့တင်းလစ္စဘွန်းအသင်းက မိုနာကိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပို့တင်းလစ္စဘွန်းအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ရာဖေးလ်နယ်လ်၊ ပွဲချိန် ၆၈မိနစ်တွင် ဂျက်စီဒယ်ရီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

စပို့တင်းလစ္စဘွန်းအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁ ရက်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ကူဆန်နော့ပ် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၂၆**

မန်စီးတီးအသင်းသည် အသင်းနောက်ခံကစားသမား ကူဆန်နော့ဗ်ကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကူဆန်နော့ဗ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ အနာဂတ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားလိုပါတယ်'ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**



## အော်တာမန်ဒီ အာဂျင်တီးနားလက်ရွေးစင် ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇူလိုင် ၂၆**

နောက်ခံကစားသမား အော်တာမန်ဒီက မိမိအနေဖြင့် အာဂျင်တီးနားလက်ရွေးစင် အသင်းကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၉မှ ၂၀၂၆ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၃၉ ပွဲကစားကာ ၈ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သလို၊ ၂၀၂၂ ကမ္ဘာ့ဖလားချန်ပီယံဆု၊ ကိုပါအမေရိကဖလား ချန်ပီယံဆု နှစ်ကြိမ်တို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ အော်တာမန်ဒီက 'ဒီနေ့တော့ ကျွန်တော့် ကစားသမားဘဝ အခက်အခဲဆုံး စကားလုံးတွေကို ပြောကြားသွားမှာပါ။ ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ'ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု နည်းပြသစ် ယာဂန်ကလော့ပ် ပြောကြား

**လန်ဒန် ဇူလိုင် ၂၆**

ဂျာမနီလက်ရွေးစင်အသင်းနည်းပြသစ် ယာဂန်ကလော့ပ်က မိမိအနေဖြင့် အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဂျာမနီလက်ရွေးစင်အသင်းသည် နည်းပြ ယာဂန်ကလော့ပ်ကို နည်းပြသစ်အဖြစ် လေးနှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ယာဂန်ကလော့ပ်သည် နည်းပြဘဝတစ်လျှောက်တွင် မိန့်ဇ်၊ ဒေါ့မွန်၊ လီဗာပူးစသည့်ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၉)နှစ်အရွယ်ရှိ ယာဂန်ကလော့ပ်က 'ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူသွားမှာပါ'ဟု ပြောသည်။

နည်းပြ ယာဂန်ကလော့ပ်သည် ပွဲဦးထွက်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၄ရက်တွင် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

0-0-0-0-0

## ဂျိမ်းစ်ဂါနာကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၆**

အက်စတွန်ဗီလာအသင်းသည် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်ဂါနာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ပွဲကစားပြီး ဂိုးများသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိမ်းစ်ဂါနာကိုယ်တိုင်ကလည်း လက်ရှိအချိန် အဲဗာတန်အသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားလိုကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အဲဗာတန်အသင်းထံမှ ဂျိမ်းစ်ဂါနာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## မာအီဒါကို အစ်ဆွစ်ချ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၆**

ပရီးမီးယားလိဂ်ကလပ် အစ်ဆွစ်ချ်အသင်းသည် ဆဲလ်တစ်အသင်းတိုက်စစ်မှူး မာအီဒါကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး မာအီဒါသည် ဆဲလ်တစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၂ပွဲကစားပြီး ၇၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ဆော်ဒီကလပ် အယ်လ်ဟီလယ်အသင်းသည် ဝက်စ်ဟမ်းအသင်းတောင်ပံကစားသမား ဆမ်မာဗီးလ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

* ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးလျက်ရှိပြီဖြစ်သည်။

* အာဆင်နယ်အသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂီမာရေ့စ်ကို ထပ်မံကမ်းလှမ်းရန် စီစဉ်လျက်ရှိသည်။

**(NGB)**

## ပါရာလူအီလို လိုင်ယွန်အသင်းတွင် ကျောနံပါတ် ၇၇ ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**ပါရီ ဇူလိုင် ၂၆**

တိုက်စစ်မှူးသစ် ပါရာလူအီလို လိုင်ယွန်အမျိုးသမီး အသင်းတွင် ကျောနံပါတ် ၇၇ ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။



အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအမျိုးသမီးအသင်းမှ လိုင်ယွန်အမျိုးသမီးအသင်းသို့ လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ပါရာလူအီလိုသည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ပွဲကစားပြီး ၇၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုင်ယွန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ပါရာလူအီလိုက 'ကျွန်မ လိုင်ယွန်အမျိုးသမီးအသင်းတွင် ကျောနံပါတ် ၇၇ ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ'ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

0-0-0-0-0

## 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Luca Van Assche တက်ရောက်

**လန်ဒန် ဇူလိုင် ၂၆**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Luca Van Assche တက်ရောက်ခဲ့သည်။



အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Luca Van Assche သည် 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Hugo Gaston ကို ၆-၄၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Luca Van Assche နှင့် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား Alexander Blockx တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**



## တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန ခုတင် ၁၀၀ဆံ့သင်ကြားရေး တိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် CTME အခမ်းအနားကို ဇူလိုင် ၂၄ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

CTME အခမ်းအနားတွင် သဘာပတိများအဖြစ် ဦးစန်းလွင် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း) မန္တလေးမြို့၊ ဦးသံချောင်း ဆေးရုံအုပ်ကြီး(ငြိမ်း) ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး မန္တလေးမြို့က ဆောင်ရွက်ကြပြီး သဘာပတိ ဦးသံချောင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် CTME အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသော ဦးအောင်မြင့်ကျော်+ဒေါ်ထူးထူး ဝါသဗ္ဗဓေယျဆေးတိုက် မန္တလေးမြို့အား ဆေးရုံအုပ်ကြီး ဒေါ်မိမိက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဆရာမ ဒေါ်မာမာချို အကြီးတန်းတိုင်းရင်းဆေးမှူး ခုတင် ၁၀၀ ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး မန္တလေးမြို့က ထုံနာကျဉ်နာရောဂါအကြောင်း ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခြင်း၊ ဆရာမဒေါ်မာမာချိုအား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

CTME အခမ်းအနားသို့ ဒုတိယဆေးရုံအုပ်ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးမှူး၊ ဒုတိယတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူး၊ ဆရာ၊ ဆရာမများ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင် ဦးသင်း၊ ဦးကျော်ကျော်ဦးနှင့် အသင်းဝင်ဆရာများ၊ တိုင်းရင်းဆေးနှင့် နီးနွယ်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၇၀)

## အိမ်တိုင်ရာရောက်ကာကွယ်ဆေးထိုးစစ်တမ်းကောက်ယူ

**မန္တလေး ဇူလိုင် ၂၆**

အိမ်တိုင်ရာရောက်ကာကွယ်ဆေးထိုးစစ်တမ်းကောက်ယူခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက် ၂၈ လမ်းနှင့် အောက်ကမ်းနားလမ်း အကွက်(၂၂၄)တွင် ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ကာကွယ်ဆေးထိုးစစ်တမ်းကောက်ယူရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဝသဿန် ဦးအောင်၊ မဟာအောင်မြေခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာရောထက်၊ ချမ်းအေးသာစံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ညိုမီလှိုင်တို့က ရပ်ကွက်အတွင်း အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ သီရိဟေမာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ) (ဝ၄၁)**

## RBF+ ထောက်ပံ့ငွေလျှောက်ထားနိုင်ရန် MFVP အသင်းက အခမဲ့ချိတ်ဆက်ကူညီ



**မန္တလေး ဇူလိုင် ၂၆**

စိုက်ပျိုးရေးနှင့် အစားအသောက် (Agri-food)ကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် RBF+ (Responsible Business Fund Plus) Matching Grant အစီအစဉ်အတွက် ထောက်ပံ့ငွေလျှောက်ထားနိုင်ရန် MFVP (Myanmar Fruit, Flower and Vegetable Producer & Exporter Association) အသင်းက အခမဲ့ချိတ်ဆက်ကူညီပေးနေသည်။ **(အပေါ်ပုံ)**

RBF+ အစီအစဉ်သည် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် Matching Grant အစီအစဉ်ဖြစ်ပြီး ထောက်ပံ့ငွေများကို ဒိန်းမတ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဥရောပသမဂ္ဂ (EU)တို့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထောက်ပံ့ငွေဖြင့် ကုန်ချောထုတ်လုပ်ရေးနှင့် ထုပ်ပိုးရေးစက်ပစ္စည်းများ၊ အစက်ချရေသွင်းစနစ်နှင့် Smart Agriculture နည်းပညာများ၊ သဘာဝမြေသြဇာထုတ်လုပ်ရေးလုပ်ငန်းများ၊ Solar Dryer Dome၊ အအေးခန်းများအပြင် Food Safety, ISO နှင့် HACCP စသည့် အရည်အသွေး စံချိန်စံညွှန်း သင်တန်းများနှင့် နည်းပညာအကူအညီများကို လျှောက်ထားနိုင်မည်ဖြစ်သည်။

MFVP အသင်းအနေဖြင့် ယခင် RBF Myanmar စီမံကိန်းကာလအတွင်း တောင်သူများနှင့် အသင်းဝင်များအား အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ယခု RBF+ အစီအစဉ်တွင်လည်း လျှောက်လွှာရေးသားခြင်း၊ စီမံကိန်းအဆိုပြုလွှာ (Proposal) ပြင်ဆင်ခြင်းနှင့် လုပ်ငန်းအိုင်ဒီယာဖော်ထုတ်ခြင်းတို့ကို အခမဲ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

RBF+ ထောက်ပံ့ငွေလျှောက်ထားလိုသူများအနေဖြင့် MFVP အသင်း၏ Messenger သို့မဟုတ် ဖုန်း/ Viber ၀၉-၄၃၁၂၇၆၅၆ သို့ "RBF လျှောက်ချင်ပါတယ်"ဟု ပေးပို့ကာ အမည်နှင့် ဖုန်းနံပါတ်တို့ကို ပေးပို့ဆက်သွယ်နိုင်ကြောင်း MFVP အသင်းက အသိပေးထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**မိတ္ထီလာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရေးဆွဲခြင်းလုပ်ငန်းနှင့် နှစ်အလိုက် ကျေးရွာဖွံ့ဖြိုး ရန်ပုံငွေ သုံးစွဲရေးအစီအစဉ် (AVIP) ရေးဆွဲခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယမန်နေ့က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ဖောက်ကျေးရွာအုပ်စု ပျော်ဘွယ်လေးကျေးရွာ၊ လိန်တောကျေးရွာအုပ်စု၊ အုံ့ထူးကျေးရွာ၊ ဆည်ကုန်းကျေးရွာအုပ်စု ဆင်မီးကျေးရွာနှင့် ဆပ်ပြာကျင်းကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

## ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးကြီးမှူး၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ယမန်နေ့နံနက် ၁၀နာရီက အခြေခံပညာ မူလတန်းကျောင်း မီးသွေးဖုတ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ သွားတိုက်နည်းအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းပေးမှုအကြောင်းတို့ကို ဆွေးနွေးပြောကြားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) ဇော်ထက်(သရက်)**

### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။



## ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းခြံ ဇူလိုင် ၂၆**

ပြည်သူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို အလေးထားသိရှိနားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်စေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသါဒအကျိုးများ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ နယ်မြေခံတပ်နယ်ဝန်းအတွင်းတွင် ကျင်းပခဲ့သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မစတင်မီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနေလင်းတို့မှ တာဝန်ရှိသူများအား ပျိုးပင်များ ဖြန့်ဝေပေးခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စနစ်တကျစိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးထားသည့် သစ်ပင်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေလောင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ၂ ပေနှင့်အထက် တမာ၊ ဗန်ဒါ၊ မန်းကျည်း၊ မယ်ဇလီ၊ စိန်ပန်း စုစုပေါင်း ပျိုးပင် ၂၀၀ ပင်အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချစ်ဦးနွေ(မြင်းခြံ)

*-*-*-*

*-*-*-*-*-*

## အထက(၁၈) နန်းမြို့(၉၄/၉၅) ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

အထက(၁၈)နန်းမြို့(၉၄/၉၅) ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်ရှိ ငြိမ်းချမ်းရေးဓမ္မစကူးကျောင်း၌ ကျင်းပခဲ့သည်။



(အပေါ်ယာပုံ)

အခမ်းအနားတွင် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနရိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေကျပ် ၂,၆၇၀,၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက်ကျောင်းရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး၊ အမရပူရမြို့နယ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်နှင့် အထက် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံရေးစိစစ်ကတ်နှင့် UID ကတ်များပြုလုပ်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀နာရီက နဂါးဝင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အမရပူရမြို့နယ် ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်သည့် ဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက် ၁၀နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အုပ်ထိန်းသူများက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) လှဲလှဲနိုင်

*-*-*-*

*-*-*-*-*-*

## ရွှေသွယ်ရင် နှံ့စပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ပုသိမ်ကြီး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရွာသစ်ကျေးရွာ၊ ရွာသစ်လယ်ယာနှင့် အထွေထွေသမဝါယမအသင်း၊ အသင်းသား တောင်သူ ဦးအေးကျော်၏ ကွင်းအမှတ်(၄၆၈)၌ ရွှေသွယ်ရင် နှံ့စပါးရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုကြသည်။ (ဝဲပုံ)



အဆိုပါ တောင်သူ၏ရွှေသွယ်ရင် နှံ့စပါးရိတ်သိမ်းရာတွင် တစ်ဧကလျှင် တင်း ၁၂၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတွင် MMIA Mandalay Mobile Tech Talk 2026 နည်းပညာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံ မိုဘိုင်းဖုန်းပြုပြင်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ အသိပညာများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ MMIA Mandalay Mobile Tech Talk 2026 နည်းပညာဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့၊ ၅၃ လမ်း၊ ၃၁လမ်းနှင့် ၃၂ လမ်းကြားရှိ CERE - MON Hall၌ ကျင်းပခဲ့သည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲတွင် Android နှင့် iOS နယ်ပယ်အသီးသီးမှ နိုင်ငံတစ်ဝန်းရှိ Hardware နှင့် Software ကျွမ်းကျင်ပညာရှင်များက Mobile Phone Repair Technology ဆိုင်ရာ နောက်ဆုံးပေါ် နည်းပညာများ၊ လက်တွေ့ပြုပြင်နည်းများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများကို ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့ပြင် Mobile Repair Community အတွင်းရှိ ပညာရှင်များနှင့် Technician များ အပြန်အလှန် အတွေ့အကြုံဖလှယ်နိုင်ရေး၊ နည်းပညာဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးတို့ကိုလည်း ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲအတွင်း Apple IC Practical Demonstration၊ iPhone 12 rS 16 Series အထိ WiFi IC Repair၊ Mobile Network Section၊ Power Section၊ Volt & Ampera၊ UFS နှင့် RPMB Key၊ Chipset Generation၊ Mobile Glass Repair နည်းပညာများနှင့် CEIR System ဆိုင်ရာအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လက်တွေ့သရုပ်ပြအစီအစဉ်များကိုလည်း ထည့်သွင်းပြသခဲ့သည်။ ထို့အပြင် Lucky Draw အစီအစဉ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

နည်းပညာဆွေးနွေးပွဲသို့ ဆရာကိုကိုအောင် (MMIA)၊ ဆရာလွင်ဦး(MCT Dongle)၊ ဆရာ IP Man(iPhone Pro)၊ ဆရာLeo Phyo (I Factory/ iLuxury)၊ ဆရာနိုင်းနိုင်းထွန်း (NNT7 Mobile Training)၊ ဆရာဝေဖြိုး (Repair Corner)၊ ဆရာစိုင်း(Mobile Doctor)၊ ဆရာကျော်(Kyaw Mobile Glass Repair)နှင့် ဆရာမျိုးမိတ္တူ (ကံ့ကော် Mobile) တို့က ဟောပြောဆွေးနွေးခဲ့ကြပြီး Phone Service Te -chnician များ၊ Mobile Repair လုပ်ငန်းဆောင်ရွက်နေသူများ၊ သင်တန်းဆရာများနှင့် နည်း ပညာစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။




အဆိုပါ MMIA Mandalay Mobile Tech Talk 2026 သည် Mobile Phone ပြုပြင်ရေးနည်းပညာဆိုင်ရာ အသိပညာများမြှင့်တင်နိုင်ရေး၊ ကျွမ်းကျင်ပညာရှင်များနှင့် တိုက်ရိုက်အတွေ့အကြုံဖလှယ်နိုင်ရေး၊ Mobile Repair Community အတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးနှင့် နိုင်ငံအတွင်း Mobile Phone Service လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

*-*-*-*

*-*-*-*-*-*

အိမ်ရှေ့တွင်
သစ်ပင်စိုက်
မြောင်းအမှိုက်
သန့်စေချင်
မြို့အသွင်
အစဉ်ထူးလို့
လှပပျော်ရွှင်။

# အသည်းကို တိတ်တဆိတ်ဖျက်ဆီးနေသော အန္တရာယ်မှ ကာကွယ်ကြပါစို့

**နှစ်စဉ် ဇူလိုင် ၂၈ ရက်ကို ကမ္ဘာ့အသည်းရောင်ရောဂါနေ့(World Hepatitis Day)အဖြစ် သတ်မှတ်ကျင်းပကြသည်။**ထိုနေ့သည် အသည်းရောင် ဗိုင်းရပ်စ်ရောဂါများအကြောင်း ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ ပိုမိုသိရှိနားလည်လာစေရန်၊ ရောဂါကာကွယ်ရေး၊ စောစီးစွာ စစ်ဆေးရှာဖွေရေးနှင့် အချိန်မီကုသရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်သည့် နေ့တစ်နေ့ဖြစ်သည်။ အသည်းရောင်ဗိုင်းရပ်စ်ရောဂါသည် အသည်းခြောက်ခြင်း၊ အသည်းလုပ်ငန်း ပျက်ကွက်ခြင်းနှင့် အသည်းကင်ဆာတို့ကို ဖြစ်စေနိုင်သော်လည်း လူအများစုမှာ မိမိတို့၏ ခန္ဓာကိုယ်အတွင်း ပိုးရှိနေသည်ကို မသိရှိကြသေးပေ။ ထို့ကြောင့် ကမ္ဘာ့အသည်းရောင်ရောဂါနေ့သည် အထိမ်းအမှတ်နေ့ တစ်နေ့မျှသာမဟုတ်ဘဲ မိမိ၏ အသည်းကျန်းမာရေးကို ပြန်လည်သတိပြုရန်၊ စစ်ဆေးရန်နှင့် ကာကွယ်ရန် လှုံ့ဆော်ပေးသည့် အရေးပါသောနေ့ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်မှာ "Hepatitis: Let's Break It Down" ဖြစ်ပြီး အသည်းရောင်ရောဂါ ကာကွယ်ကုသရေးလမ်းကြောင်းကို ပိတ်ဆို့နေသော အဟန့်အတားများကို အတူတကွ ဖြိုဖျက် ဖယ်ရှားကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ယင်းအဟန့်အတားများတွင် ရောဂါနှင့် ပတ်သက်သော အသိပညာနည်းပါးမှု၊ သွေးစစ်ဆေးရန် ကြောက်ရွံ့ခြင်း၊ ရောဂါရှိသူများအပေါ် ခွဲခြားဆက်ဆံခြင်း၊ ကုသမှုကုန်ကျစရိတ်၊ ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမမီခြင်းနှင့် နေကောင်းနေသေးသဖြင့် ပိုးမရှိနိုင်ဟူသော အယူအဆမှားများ ပါဝင်သည်။ ယင်းအဟန့်အတားများကို မဖယ်ရှားနိုင်သရွေ့ ကာကွယ်နိုင်၊ ကုသနိုင်သည့်ရောဂါကြောင့် လူအများ မလိုအပ်ဘဲ အသက်ဆုံးရှုံးနေရဦးမည်ဖြစ်ပါသည်။

အသည်းသည် လူ့ခန္ဓာကိုယ်အတွင်း အလွန်အရေးကြီးသည့် ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်သည်။ အစားအစာမှ ရရှိလာသော အာဟာရဓာတ်များကို ခန္ဓာကိုယ်အသုံးပြုနိုင်သည့် ပုံစံသို့ ပြောင်းလဲပေးခြင်း၊ စွမ်းအင်သိုလှောင်ပေးခြင်း၊ ဆေးဝါးနှင့် အဆိပ်အတောက်အချို့ကို ချေဖျက်ပေးခြင်း၊ သွေးခဲရန်လိုအပ်သော ပရိုတင်းဓာတ်များ ထုတ်လုပ်ပေးခြင်း၊ အဆီကို ချေဖျက်နိုင်ရန် သည်းခြေရည် ထုတ်လုပ်ပေးခြင်းနှင့် ကိုယ်ခံအားလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းတို့မှာ အသည်း၏ အဓိကလုပ်ငန်းများဖြစ်သည်။ အသည်းသည် အလုပ်များစွာကို တစ်ပြိုင်နက် လုပ်ဆောင်ပေးနေသော်လည်း ထိခိုက်မှုများ စတင်ဖြစ်ပေါ်သည့်အခါ နာကျင်မှု (သို့မဟုတ်) သိသာသောလက္ခဏာများ အစောပိုင်းတွင် မပေးတတ်ပေ။ ထို့ကြောင့် အသည်းရောဂါများကို 'တိတ်တဆိတ် ဖျက်ဆီးနေသော ရောဂါများ'ဟု ဆိုနိုင်ပါသည်။

'အသည်းရောင်ရောဂါ' ဆိုသည်မှာ အသည်းတစ်ရှူးများ ရောင်ရမ်းထိခိုက်နေခြင်းကို ဆိုလိုသည်။ အရက် အလွန်အကျွံ သောက်သုံးခြင်း၊ အဆီဖုံးအသည်းရောဂါ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းအချို့၊ ကိုယ်ခံအားစနစ်ဆိုင်ရာရောဂါများကြောင့် အသည်းရောင်နိုင်သကဲ့သို့ ဗိုင်းရပ်စ်ပိုးများကြောင့်လည်း ဖြစ်ပွားနိုင်သည်။ လူတွင် အဓိကတွေ့ရသော အသည်းရောင်ဗိုင်းရပ်စ်များမှာ **အေပိုး(Hepatitis A Virus - HAV)၊ ဘီပိုး (Hepatitis B Virus - HBV)၊ စီပိုး (Hepatitis C Virus - HCV)၊ ဒီပိုး (Hepatitis D Virus - HDV) နှင့် အီးပိုး (Hepatitis E Virus - HEV)** တို့ ဖြစ်ကြသည်။ ယင်းပိုးများ အားလုံးသည် အသည်းကို ထိခိုက်စေနိုင်သော်လည်း ကူးစက်ပုံ၊ နာတာရှည်ဖြစ်နိုင်ခြေနှင့် ကာကွယ်ကုသပုံတို့မှာ မတူညီကြပေ။

အေပိုးနှင့် အီးပိုးတို့သည် များသောအားဖြင့် မစင်ဖြင့် ညစ်ညမ်းနေသော သောက်ရေ၊ အစားအစာနှင့် လက်မသန့်ရှင်းမှုမှတစ်ဆင့် ကူးစက်တတ်ကြသည်။ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်း၊ သန့်ရှင်းသောရေကို သောက်သုံးခြင်း၊ အစားအစာကို ကျက်အောင် ချက်ပြုတ်ခြင်းနှင့် အစားအစာပြင်ဆင်ရာတွင် သန့်ရှင်းမှုရှိခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ အေပိုး ကူးစက်ခံရသူအများစုသည် ပြန်လည်ကောင်းမွန်လာတတ်ပြီး နာတာရှည်အသည်းရောဂါ မဖြစ်တတ်သော်လည်း လူနာအချို့တွင် ပြင်းထန်သော အသည်းလုပ်ငန်းပျက်ကွက်မှု ဖြစ်နိုင်သည်။

လူထုကျန်းမာရေးအတွက် ပိုမိုစိုးရိမ်ရသော ပိုးများမှာ **ဘီပိုးနှင့် စီပိုး** တို့ဖြစ်ကြသည်။ ယင်းပိုးများသည် လူ့ခန္ဓာကိုယ်ထဲတွင် နှစ်ပေါင်းများစွာ နေထိုင်နိုင်ပြီး နာတာရှည်အသည်းရောင်ရောဂါ ဖြစ်စေနိုင်သည်။ အချိန်ကြာလာသည့်အခါ အသည်းတစ်ရှူးများ တဖြည်းဖြည်း ပျက်စီး၍ အမာရွတ်ဖြစ်ခြင်း၊ အသည်းမာခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းလုပ်ငန်းပျက်ကွက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ပွားခြင်းတို့ ဖြစ်လာနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် အချက်အလက်များအရ နာတာရှည်အသည်းရောင် ဘီပိုးနှင့် စီပိုးကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း လူပေါင်း ၁ ဒသမ ၃ သန်းခန့် သေဆုံးခဲ့ကြသည်။ ယင်းသေဆုံးမှုအများစုကို ကာကွယ်ဆေး၊ သွေးစစ်ဆေးမှုနှင့် ထိရောက်သော ကုသမှုတို့ဖြင့် လျှော့ချနိုင်သည်။

ဘီပိုးသည် ကူးစက်ခံထားရသူ၏ သွေးနှင့် ကိုယ်ခန္ဓာအရည်အချို့မှတစ်ဆင့် ကူးစက်တတ်သည်။ ဘီပိုးရှိသော မိခင်မှ ကလေးသို့ မွေးဖွားချိန်တွင် ကူးစက်ခြင်းသည် အရေးကြီးဆုံး ကူးစက်နည်းများအနက် တစ်ခုဖြစ်သည်။ မသန့်ရှင်းသော ဆေးထိုးအပ်များ မျှဝေသုံးစွဲခြင်း၊ စနစ်တကျ ပိုးသတ်မထားသော ဆေးဘက်ဆိုင်ရာနှင့် သွားဘက်ဆိုင်ရာကိရိယာများ အသုံးပြုခြင်း၊ မသန့်ရှင်းသောအပ်ဖြင့် တက်တူးထိုးခြင်း၊ နားဖောက်ခြင်း၊ မုတ်ဆိတ်ရိတ်ဓား၊ သွားတိုက်တံနှင့် လက်သည်းညှပ်ကဲ့သို့ သွေးစွန်းနိုင်သောပစ္စည်းများကို အတူမျှဝေသုံးစွဲခြင်းနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းတို့မှလည်း ကူးစက်နိုင်သည်။ ကျန်းမာရေးဝန်ထမ်းများတွင် မတော်တဆ အပ်စူးမိခြင်းကြောင့်လည်း ကူးစက်နိုင်သည်။

သို့သော် ဘီပိုးရှိသူနှင့် အတူစားသောက်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း၊ အတူအလုပ်လုပ်ခြင်း၊ အတူနေထိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ အလွယ်တကူ မကူးစက်ပါ။ ထို့ကြောင့် ဘီပိုးရှိသူကို မိသားစုနှင့် လူမှုအသိုက်အဝန်းမှ ဖယ်ကြဉ်ခြင်း၊ အတူမစားရဲခြင်း၊ အလုပ်ခန့်ရန် ငြင်းဆန်ခြင်း(သို့မဟုတ်)ပညာသင်ကြားခွင့်တွင် ခွဲခြားဆက်ဆံခြင်းတို့သည် မမှန်ကန်ပေ။ ရောဂါကူးစက်ပုံကို သိရှိ၍ သင့်လျော်သော ကာကွယ်မှုများ ပြုလုပ်ခြင်းသာ လိုအပ်သည်။

ဘီပိုးကူးစက်ခံရသော အသက်အရွယ်သည် နာတာရှည်ဖြစ်နိုင်ခြေနှင့် အလွန်ဆက်စပ်နေသည်။ အရွယ်ရောက်ပြီးသူတစ်ဦး ဘီပိုးကူးစက်ခံရပါက ကိုယ်ခံအားစနစ်က ပိုးကို ရှင်းလင်းနိုင်သည့် အခွင့်အလမ်းများသည်။ သို့သော် မွေးကင်းစကလေးနှင့် ကလေးငယ်ဘဝတွင် ကူးစက်ခံရပါက နာတာရှည်ဘီပိုးသယ်ဆောင်သူ ဖြစ်လာနိုင်ခြေ အလွန်မြင့်မားသည်။ ထိုကလေးများသည် နှစ်ပေါင်းများစွာ လက္ခဏာမပြဘဲ နေထိုင်ပြီး လူလတ်ပိုင်း(သို့မဟုတ်)အသက်ကြီးလာသည့်အခါ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာ ဖြစ်လာနိုင်သည်။ ထို့ကြောင့် မိခင်မှ ကလေးသို့ ကူးစက်မှုကို ကာကွယ်ခြင်းသည် ရောဂါကူးစက်မှုသံသရာကို ဖြတ်တောက်ရာတွင် အရေးကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်သည်။

ဘီပိုးကာကွယ်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းမှာ ဘီပိုးကာကွယ်ဆေးထိုးနှံခြင်း ဖြစ်သည်။ မွေးကင်းစကလေးတိုင်းကို မွေးဖွားပြီးနောက် ဖြစ်နိုင်သမျှမြန်မြန်၊ အထူးသဖြင့် ပထမ ၂၄ နာရီအတွင်း ဘီပိုးကာကွယ်ဆေး ပထမအကြိမ် ထိုးပေးသင့်သည်။ ထို့နောက် သတ်မှတ်ထားသော ကာကွယ်ဆေး အစီအစဉ်အတိုင်း အကြိမ်ပြည့် ထိုးနှံပေးရန် လိုအပ်သည်။ ကာကွယ်ဆေးပထမအကြိမ်ကို အချိန်မီထိုးပေးခြင်းဖြင့် မိခင်မှ ကလေးသို့ ကူးစက်နိုင်ခြေကို သိသိသာသာ လျှော့ချနိုင်သည်။ ကလေးဘဝတွင် ကာကွယ်ဆေး မထိုးခဲ့ရသူများနှင့် အကြိမ်ပြည့်ထိုးခဲ့ခြင်း ရှိ၊ မရှိ မသေချာသူများသည် ဆရာဝန်နှင့် တိုင်ပင်၍ လိုအပ်ပါက သွေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့ ပြုလုပ်သင့်သည်။

ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူစဉ် ဘီပိုးရှိ၊ မရှိ စစ်ဆေးသင့်သည်။ မိခင်တွင် ဘီပိုးတွေ့ရှိပါက မိခင်၏ သွေးထဲရှိ ပိုးပမာဏနှင့် အသည်းအခြေအနေကို ဆရာဝန်က ဆက်လက်စစ်ဆေးမည်ဖြစ်သည်။ ပိုးပမာဏ အလွန်မြင့်မားပါက ကိုယ်ဝန်ဆောင်ကာလအတွင်း သင့်လျော်သော ဆေးကုသမှု ခံယူရန် လိုအပ်နိုင်သည်။ မွေးကင်းစကလေးအား ကာကွယ်ဆေးနှင့် လိုအပ်သော အထူးကာကွယ်မှုကို အချိန်မီပေးနိုင်ရန် မီးဖွားမည့်နေရာနှင့် ကျန်းမာရေးဝန်ထမ်းများကို ကြိုတင်အသိပေးထားသင့်သည်။ မိခင်တွင် ဘီပိုးရှိနေခြင်းကြောင့် မိခင်ကို အပြစ်တင်ခြင်း၊ ဖယ်ကြဉ်ခြင်းမပြုသင့်ဘဲ မိခင်နှင့်ကလေးနှစ်ဦးစလုံး ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝရရှိစေရန် ကူညီပေးရမည်။

စီပိုးသည် အဓိကအားဖြင့် ပိုးပါသောသွေးနှင့် ထိတွေ့ရာမှ ကူးစက်သည်။ မသန့်ရှင်းသော ဆေးထိုးအပ်များ၊ အပ်နှင့်ဆေးထိုးပစ္စည်းများ မျှဝေသုံးစွဲခြင်း၊ စနစ်တကျ ပိုးသတ်မထားသော ဆေးဘက်ဆိုင်ရာနှင့် အလှအပဆိုင်ရာ ကိရိယာများ၊ ယခင်က စစ်ဆေးမှုမလုံလောက်သော သွေးသွင်းမှုနှင့် အချို့သော မူးယစ်ဆေးထိုးသုံးစွဲမှုများမှ ကူးစက်နိုင်သည်။ စီပိုးအတွက် ကာကွယ်ဆေး မရှိသေးသော်လည်း ယနေ့ခေတ်တွင် ထိရောက်သော ဗိုင်းရပ်စ်ဆန့်ကျင်ဆေးများဖြင့် လူနာအများစုကို ပျောက်ကင်းအောင် ကုသနိုင်ပြီဖြစ်သည်။ ထို့ကြောင့် စီပိုးတွေ့လျှင် ကု၍ မရတော့ဟူသော အယူအဆမှာ မမှန်ကန်တော့ပေ။ စောစီးစွာ စစ်ဆေးတွေ့ရှိပြီး စနစ်တကျ ကုသမှုခံယူရန်သာ လိုအပ်ပါသည်။

အသည်းရောင်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူအချို့တွင် ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ပူခြင်း၊ ညာဘက်နံရိုးအောက်ပိုင်း မအီမသာဖြစ်ခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်း၊ မျက်လုံးအဖြူနှင့် အသားအရေဝါလာခြင်းတို့ ဖြစ်နိုင်သည်။ သို့သော် နာတာရှည်ဘီပိုးနှင့် စီပိုးရှိသူအများစုသည် အစောပိုင်းတွင် လက္ခဏာမရှိကြပေ။ မျက်လုံးမဝါခြင်း၊ ဗိုက်မနာခြင်း (သို့မဟုတ်) အလုပ်လုပ်နိုင်နေခြင်းတို့ကြောင့် မိမိတွင် ပိုးမရှိဟု မဆိုနိုင်ပါ။ ရောဂါ ရှိ၊ မရှိကို သွေးစစ်ဆေးခြင်းဖြင့်သာ သိနိုင်သည်။

မိသားစုဝင်တွင် ဘီပိုး(သို့မဟုတ်) စီပိုးရှိသူများ၊ ဘီပိုးရှိသောမိခင်မှ မွေးဖွားလာသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မကြာခဏ သွေးနှင့်ထိတွေ့ရသူများ၊ ကျောက်ကပ်ဆေးကြောနေရသူများ၊ ယခင်က သွေးသွင်းဖူးသူများ၊ တက်တူးထိုးဖူးသူများနှင့် မသန့်ရှင်းသောအပ်များဖြင့် ထိတွေ့နိုင်ခြေရှိသူများသည် ဆရာဝန်နှင့် တိုင်ပင်၍ စစ်ဆေးသင့်သည်။ အန္တရာယ်ရှိသော အပြုအမူမရှိခဲ့ဟု ယူဆသူများတွင်လည်း ကလေးဘဝက မိခင်မှ ကူးစက်ထားနိုင်သဖြင့် ဘီပိုးရှိ၊ မရှိ တစ်ကြိမ်ခန့် စစ်ဆေးသိရှိထားခြင်းက အကျိုးရှိသည်။

ဘီပိုးရှာဖွေရန် HBsAg ဟုခေါ်သော သွေးစစ်ဆေးမှုကို အသုံးများသည်။ HBsAg အပေါင်းလက္ခဏာထွက်ပါက ဘီပိုးရှိနိုင်ကြောင်း ဖော်ပြသော်လည်း ရောဂါပြင်းထန်မှု၊ အသည်းပျက်စီးမှုနှင့် ဆေးသောက်ရန် လို၊ မလိုကို စစ်ချက်တစ်ခုတည်းဖြင့် မဆုံးဖြတ်နိုင်ပေ။ လိုအပ်ပါက အသည်းအင်ဇိုင်းများ၊ HBV DNA ပိုးပမာဏ၊ အသည်းအာထရာဆောင်းနှင့် အသည်းအမာရွတ်အခြေအနေ စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရသည်။ စီပိုးအတွက်လည်း HCV antibody စစ်ဆေးမှုနှင့် ပိုးအမှန်တကယ်ရှိနေကြောင်း အတည်ပြုသည့် စစ်ဆေးမှုတို့ လိုအပ်နိုင်သည်။ ထို့ကြောင့် ဓာတ်ခွဲခန်းအဖြေကို ကိုယ်တိုင်ဖတ်၍ ဆေးဝယ်သောက်ခြင်းမပြုဘဲ ဆရာဝန်၏ အကဲဖြတ်မှု စစ်ဆေးမှုကို ခံယူသင့်သည်။

ဘီပိုးရှိသူတိုင်း ချက်ချင်းဆေးသောက်ရန် မလိုအပ်ပေ။ သို့သော် ဆေးမလိုသေးသူသည် ရောဂါပျောက်ကင်းနေသည်ဟု မဆိုလိုပါ။ ဘီပိုးပမာဏ၊ အသည်းရောင်ရမ်းမှု၊ အသည်းအမာရွတ်၊ အသက်အရွယ်၊ မိသားစုအတွင်း အသည်းကင်ဆာဖြစ်ဖူးမှုနှင့် အခြားကျန်းမာရေးအခြေအနေများအပေါ် မူတည်၍ ကုသရန်လို၊ မလိုကို ဆရာဝန်က ဆုံးဖြတ်ပေးရသည်။ ဆေးသောက်ရန်လိုအပ်သူများတွင် ဗိုင်းရပ်စ်ပိုးပွားများမှုကို ထိန်းချုပ်ပေးနိုင်သော ဆေးဝါးများရှိသည်။ ဆေးဝါးသည် အသည်းပျက်စီးမှု၊ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သော်လည်း ဆရာဝန်ညွှန်ကြားချက်မရှိဘဲ ဆေးရပ်ခြင်း မပြုသင့်ပေ။

**(ဆက်လက်ဖော်ပြပါမည်။)**

မန္တလာ ဆရာမျိုး

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ



**ဇမ္ဗူသီရိ ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့က ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးသော သင်ခန်းစာများကို လက်တွေ့အသုံးချပြီး အကျိုးရှိရှိ ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်မေနှင်းဇော်နှင့် တာဝန်ရှိသူများက လူသုံးကုန်ပစ္စည်းများဖြစ်သော ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်ပုံအဆင့်ဆင့်ကို ဇူလိုင် ၁၃ ရက်မှ ၂၂ ရက်အထိ သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချခဲ့ကြောင်း ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်ထံမှ သိရသည်။ **(၄၄၅)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြူစင်နှလုံးနဲ့ တူယှဉ်ပြုံးပါ

* မေတ္တာမှန်စိတ်ရင်းနဲ့
လူလူချင်းရိုင်းပင်းစေ၊
ရပ်တည်ရာ ကိုယ့်သမိုင်း
မရိုင်းအောင်နေ။

* ကိုယ့်တန်ဖိုးမြင့်ကာလေ
ဝတ်ညီထွေ ကျင့်ကြံထိန်း
သံသယဖယ်မားမားရပ်
နေတတ်ဖို့ကိန်း။

* စိတ်ကောင်းယှဉ် ကောင်းစိတ်ထိန်း
အများအကျိုးရွက်ဆောင်သယ်၊
ရောင်ပြန်ထင်အကျိုးသက်ရောက်လို့
စွမ်းမြောက်နိုင်မယ်။

* ကိုယ်လျှောက်လှမ်းဘဝနယ်ပယ်
ကြောင်းကျိုးသွယ်ခွင့်လမ်းများ
ကောင်းကံပေါ်အကျိုးမျှလို့
ပြည့်ဝခံစား။

* ဘဝတာခဏလေးများ
ချင့်မှတ်တွေး သတိနဲ့ယှဉ်၊
နေခွင့်ကြုံ လူပီသရင်း
အမြတ်ရအောင်ပြင်။

* လောကဓမ္မညီစေလျှင်
လမ်းကောင်းတွင် ရှေးရှုမှန်း
ချစ်ပန်းလိုင်ဖြူစင်နှလုံးနဲ့
ဌဲမြှင့်ချီလမ်း။ ။

**မောင်မောင်လင်းထွင့်(နန်းတော်ရှေ့)**

# စာဖတ်ဝိုင်း၊ ဟောပြောပွဲများ၊ ပြပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက စာဖတ်ဝိုင်း၊ ဟောပြောပွဲများနှင့် ပြပွဲများ ကျင်းပခဲ့သည်။

ရေးဦးစွာ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက စာရေးဆရာဖေမြင့် ရေးသားထားသော "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်မှ ပါရှိသော အကြောင်းအရာများ ဆွေးနွေးခြင်း၊ စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ခဲ့သည်။

ထို့နောက် အိမ်တွင်းအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ အိမ်တွင်းဝင်ငွေတိုး အသိပညာပေးဟောပြောပွဲများကို မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်၊ စာစောင်များအား အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀





## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ချမ်းမြေ့မေတ္တာကိုယ်ပိုင်အလယ်တန်းကျောင်းသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူရင်သွေးငယ်များအား အသိပညာပေးပုံပြင်များပြောကြားခြင်း၊ စိတ်ဝင်စားစရာကောင်းသော ကလေးစာအုပ်၊ စာစောင်များဖတ်ရှုစေခြင်း၊ ဖတ်ရှုသည့်စာအုပ်ပါအကြောင်းအရာများကို မေးမြန်းဖလှယ်ခြင်းများ ဆောင်ရွက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်အား စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင် (ဗိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀-၀

ကျန်းမာစိတ်ရွှင်
ကြည်လင်ချင် အချိန်ရှိခိုက်
သစ်ပင်စိုက်။



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၉)၊ ဦးပိုင်အမှတ်(၂၇)မြေကွက်အထဲမှ အရှေ့ဘက်ခြမ်း မြေဧရိယာ(၂၅×၄၆)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ မီးမီတာ အပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုလာသော ဒေါ်ယဉ်ယဉ်အေး(၇/ဖမန(နိုင်)၀၆၈၂၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သျှင်မွန်းဦး(၉/မကန(နိုင်)၁၁၉၅၁၃)သည် လက်ရောက်ဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စင်မီမီကျော် (LL.B)** — **ဒေါ်အေးမြတ်သူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၈၁)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၀၃၈)**
**၁၀၂လမ်းနှင့်၁၀၄လမ်းကြား၊ ၈၇လမ်း(ရတနာသီရိလမ်း)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၈၅၁၆၆၇၊ ၀၉-၆၇၇၉၃၂၆၉၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၀)၊ ဧရိယာဧက(၀ ဒသမ ၁၁၀၂)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီး စန်းမောင်မှ ဦးသွေဆီယန်အား မိမိ၏ကိုယ်စား လိုအပ်သော ရုံးကိစ္စများအား ဆောင်ရွက်နိုင်စေရန်အတွက် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၂၆-၅-၂၀၁၁)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၂၇/၂၀၁၁)အရ တရားဝင်လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာဖြင့် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမောင်**
**၉/ရမသ(နိုင်)၀၁၁၅၄၀**
**၃၅လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၅၇-က)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်သီသီနွယ်(ဘ) ဦးဘလှိုင်(၈/ပခက(နိုင်)၀၁၅၃၅၉)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထင်ကျော်(ဘ)ဦးဝိန်(AMA-၁၂၂၄၈၉၊ ၉/အမရ(နိုင်)၁၀၄၀၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေ ထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist), H.GP | LL.B | B.Sc , PGDL |

**အထက်တန်းရှေ့နေများ**
**၅၃လမ်း၊ ၁၁၀(A)လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၀)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်ကျော်ဇော အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံ၊ အကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတွမ်မေချန်(ဘ)ဦးဖူချန်း(၁၃/ကခန(နိုင်)၁၁၂၈၀၇)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ ဦးစိုင်းဆိုင်လောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မဉ္ဇူဝင်း LL.M (စဉ်-၁၄၈၆၈) | ဒေါ်နှင်းဖြူဖြူစင် LL.M (စဉ်-၃၄၁၂၉) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဖုန်း ၀၉-၄၀၂၅၉၇၀၃၂ | ဖုန်း ၀၉-၂၀၁၈၀၇၇ |

**၆၃လမ်း၊ ၄၁လမ်းနှင့်၄၂လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁)၊ ဦးပိုင်အမှတ်(၄၄-က)၊ ဧရိယာ(ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၆)ထပ် အဆောက်အဦး၏ ပထမထပ် အခန်းအမှတ်(B-2)၊ ဧရိယာ(၁၃ပေ×ပေ၄၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်တင်တင်စန်း(ဘ)ဦးကံသောင်း(၁၃/ကမန(နိုင်)၀၀၀၉၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းဖောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တောဂရန်အမှတ်အမှတ်-၂၃၁၃/၉၂-၉၃ အရ ဦးကျော်ဇော အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်းပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိမှ အရောင်းအဝယ်ကတိစာချုပ်နှင့် နိုတြီကိုယ်စားလှယ်လွှဲစာအဆက်ဆက်တို့ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်နွယ်နွယ်ဦး(ဘ)ဦးမြင့်(၉/မနမ(နိုင်)၀၀၂၀၉၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရွှေမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၄၆)**
**ဒေါ်သီဂီလှိုင် (LL.B), (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၄)**
**၆၉လမ်း၊ ၃၃(A)လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၄၈၂၃၊ ၀၉-၂၀၀၂၃၄၈ ၊၀၉-၇၇၂၀၀၂၃၄၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၄)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးမျိုးသန့်ဇင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အမည်ပေါက်ပိုင်ဆိုင်ခဲ့၍၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသန့်ဇင်(အဘ)ဦးရန်ပါချန်(ခ)ဦးအေး (၉/မရမ(နိုင်)၀၈၅၅၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၁-ဆ)ခဲစင်း၊ ၁၄လမ်းနှင့်၈၁လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ခင်မေဝင်း(၉/မရတ(နိုင်)၀၆၈၆၄၂)က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၇)၊ ဦးပိုင်အမှတ်(၂၆)၊ ၂၄လမ်းနှင့်၂၅လမ်းကြား၊ ၈၈လမ်းနှင့်၈၉လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မာမာ(၉/မနတ(နိုင်)၀၆၈၇၀၆)၊ ဒေါ်ညိုညို(၉/မနတ(နိုင်)၀၆၉၃၁၉)၊ ဒေါ်မူမူအေး(၉/မနတ(နိုင်)၀၆၉၃၁၈)တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၃)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးလှတိုး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းထွန်း(ဘ)ဦးတင်မောင်(၉/မရမ(နိုင်)၀၆၇၃၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၂၅) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဖိုးနောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ် အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဝင်း(ဘ)ဦးစံတင်(၅/ငဇန(နိုင်)၀၅၅၉၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူ ရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၁)၊ ဦးပိုင်နံပါတ်(၄၈) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအောင် သိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးထွန်းစိုးဝင်း(ဘ)ဦးသန်းထိုက်(၉/မရမ(နိုင်)၀၄၁၇၄၁)နှင့် ဒေါ်ပါရမီ (ဘ)ဦးစိုးမြင့်(၉/မရမ(နိုင်)၀၇၆၃၈၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူ ရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၉)၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၆)၊ ပထမထပ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသူရိန်စိုး(ဘ)ဦးအောင်ဆန်း(၅/စကန(နိုင်) ၂၆၁၁၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖဖ-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၀)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးဝင်းငွေ အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၃၀)နှင့်ကပ်လျက် အနောက်ဘက် ပိုင်း (၁၅ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုမာဦး(ဘ)ဦးစံဝင်းမောင်(၉/မခန(နိုင်)၁၇၆၄၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်နံပါတ်(၁၀၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်သန်းရင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြမြသော်(ဘ)ဦးစိန်တင်(၉/မရတ(နိုင်)၀၁၉၆၅၈)[၎င်း၏ကိုယ်စား အစ်မဖြစ်သူ ဒေါ်မြင့်မြင့်သူ(ဘ)ဦးမောင်မောင် (၉/မရတ(နိုင်)၀၁၉၃၅၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်နံပါတ်(၈၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၈၂၆)ဧက အကျယ်အဝန်းရှိ ဦးမေ(က်)ဗဟာဒူး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပူးတွဲ လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးညီမင်းပိုင်(ဘ)ဦးစန်းပိုင် (၅/ကလထ(နိုင်)၁၅၅၇၅၄)နှင့် ဦးလျှမ်းဆက်တင်မျိုးဦး(ဘ)ဦးတင်မျိုးဦး(၉/အမဇ(နိုင်)၀၄၀၇၅၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းလိန်တစ်(ဘ)ဦးစိုင်းဆမ်တစ် (၉/ခအဇ(ဧည့်)၀၀၀၂၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၂၁-င)၊ ၈၂လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ ဦးမောင်မောင်ထွေး၊ ဒေါ်မရုံယံဘီ၊ ဒေါ်စီစီမာ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၈၇/၂၀၂၆)ဖြင့် အမွေ ဆက်ခံခဲ့ကြသည့် ဦးဟာရှင်(ခ)မောင်မောင်လေး(၉/မရမ(နိုင်)၀၃၆၉၃၄)၊ ဒေါ်စီစီမာ (၉/မရမ(နိုင်)၀၃၆၉၇၄)၊ ဒေါ်မြင့်မြင့်ကြည်(၉/မရမ(နိုင်)၀၃၆၉၃၆)၊ ဦးမောင်မောင် ထွေး(၉/မရမ(နိုင်)၀၃၆၉၃၃)တို့က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ ဦးပိုင်အမှတ်(၄၉)၊ ၂၈ လမ်းနှင့် ၂၉လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားရှိ ဦးမြသန်း၊ ဒေါ်စန်းရင် အမည် ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၃၀၀/၂၀၂၆)ဖြင့် အမွေ ဆက်ခံခဲ့ကြသည့် ဒေါ်အေးအေးရီ(ခ)မဗိုး(၅/စကန(နိုင်)၀၀၈၃၁၅)၊ ဒေါ်စန်းရင်(၉/ မရမ(နိုင်)၀၃၀၄၆၅)တို့က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၈)၊ ဦးပိုင်အမှတ်(၁၁၉)၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးယု(၉/မရတ(နိုင်)၀၅၄၉၈၉)၊ ဦးကျော်ဇင်ယု(၉/ခအဇ(နိုင်)၀၁၄၀၁၂)၊ ဦးဝေဇင်မြင့်(၉/ခအဇ(နိုင်)၀၁၄၀၂၁)၊ ဦးရှိန်ယုဇင်(၉/ခအဇ(နိုင်)၀၁၄၀၂၂)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၈၁/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မိုးမိုးစံ (၁၃/လရန(နိုင်)၀၀၁၉၂၁)က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ

**ညောင်ဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ ထိုင်းနိုင်ငံဘန်ကောက်မြို့မှ တစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှ ပုဂံ-ညောင်ဦးလေဆိပ်သို့ ယနေ့ မွန်းတည့် ၁၂ နာရီက ရောက်ရှိခဲ့သည်။

Travel Co.,Ltd စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည် ၄၀ ဦးတို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းဝင် အထင်ကရဘုရားများနှင့် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရား၊ သာသနိက အဆောက်အအုံများအား ကြည့်ရှုလေ့လာကြမည် ဖြစ်သည်။ ထိုင်းနိုင်ငံသား ခရီးသွားများအား ပုဂံ-ညောင်ဦးလေဆိပ်တွင် ညောင်ဦးခရိုင်ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်နှင့် ဝန်ထမ်းများက ကြိုဆိုခဲ့သည်။ အဆိုပါ ထိုင်းနိုင်ငံသားခရီးသွားများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့

**စာမျက်နှာ ၁၀ သို့** ❖

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ အားလုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၂၆**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် နောက်ဆုံးကျန်ရှိသည့် ၁၇ ထပ် အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၇၇ လုံးအား ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစ၍ ယာဉ်ယန္တရားများအသုံးပြု၍လည်းကောင်း၊ ဖောက်ခွဲ၍လည်းကောင်း ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုနေရာပြမြေပုံ။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ်အဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ်အဆောက်အအုံ ဖြိုဖျက်ပြီးပုံအား တွေ့ရစဉ်။

## Fire Dragon Futsal Championship 2026 ပြိုင်ပွဲတွင် YCDC Dream Team FC အသင်း ဗိုလ်စွဲ




**ရန်ကုန် ဇူလိုင် ၂၆**

Fire Dragon Futsal Championship 2026 ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် YRG FC နှင့် YCDC Dream Team FC တို့ ယနေ့ မွန်းလွဲပိုင်းက MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ရာ YCDC Dream Team FC က သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခဲ့သည်။

Fire Dragon Futsal Championship 2026 ပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပြီးဆုံးချိန်တွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ချန်ပီယံဆုရရှိခဲ့သော YCDC Dream Team FC အသင်းကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုကော်မတီ ဥက္ကဋ္ဌ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလားကို

**စာမျက်နှာ ၁၀ သို့** ■

**ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။**

